ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (10-2-2004) (၄၁၄၂)

ဒါနဉ္စ ဧတံ မင်္ဂလ မုတ္တမံ။	ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ယနေ့ထုတ်စောင်ရေ ၁၉၇၉၂၅

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဘားအံတက္ကသိုလ် ပင်မဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် စုပေါင်းအားထုတ်

ယခုကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီးတွင် အောင်မြင်မှုများရရှိခြင်းမှာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တစည်းတလုံး၊ တညီတညွတ်တည်း စုပေါင်းအားထုတ်မှု၊ အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းမှုတို့ကြောင့် ဖြစ်ပေသည်။

ထိုသို့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးမှု၊ အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းမှုရရှိထားသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖြစ်ထွန်းနေသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဟန့်အတား အနှောင့်အယှက်ပြုနေသည့် အန္တရာယ်အသွယ်သွယ်ကိုလည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မပြတ်သောသတိဖြင့် ဆန့်ကျင်ကာကွယ်သွားရန် လိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ယခုအခါ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းလာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေခြင်းကြောင့် အခြေအနေကောင်းများ ဖြစ်ထွန်းလာမည်ဟု မျှော်မှန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နှင့် အလားအလာများ ထူးခြားစွာ တိုးတက်ဖြစ်ထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ကရင်ပြည်နယ် ဘားအံမြို့၌ ပညာရေးဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသွားသည့် ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါတက္ကသိုလ်၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၀-၂-၂၀၀၄ (အင်္ဂါနေ့)

စက်မှုဇုန်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် စက်ပစ္စည်းများ အရည်အသွေးမြင့်မားရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တည်ဆောက်ရာတွင် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ အလားတူ နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစီးပွား ကုန်ထုတ်လုပ်ငန်း တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် လယ်ယာသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်သွားရန် လိုအပ်မည်ဖြစ်သည်။ သမားရိုးကျလုပ်ကိုင်လျက်ရှိသည့် လယ်ယာလုပ်ငန်းမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းရင်း တစ်ဖက်ကလည်း စက်မှုနိုင်ငံဖြစ်ပေါ်လာရေး တည်ဆောက်သွားကြရမည်ဖြစ်သည်။

ထို့ကြောင့် စက်မှုလယ်ယာနှင့် စက်မှုလုပ်ငန်းနှစ်ရပ်ကို ပေါင်းစပ်ပြီး တိုးတက်ဖြစ်ပေါ်လာစေရန် တည်ထောင်လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များကို ထူထောင်ပေးပြီး ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေး မြင့်မားလာစေရန် အားပေးကူညီ ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်ခရီးစဉ်အတွင်း အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၆ ရက်နေ့က တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်သို့ သွားရောက်၍ စက်မှုဇုန်မှ ထုတ်လုပ်သောပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အေးသာယာစက်မှုဇုန်ခန်းမတွင် တောင်ကြီးဒေသဆိုင်ရာ စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ **နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ ဓနအင်အား တောင့်တင်းခိုင်မာလာသည်နှင့်အမျှ စက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ယခုထက် ပိုမိုပံ့ပိုး အားပေးကူညီသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်တာဝန်ခံများ၊ စက်မှုလုပ်ငန်းရှင်များအပိုင်းကလည်း စက်မှုဇုန်များ တစ်စတစ်စ တိုးတက်ဖြစ်ထွန်းရေးအတွက် မပြတ်ညှိနှိုင်းပေါင်းစပ်ပြီး နည်းလမ်းရှာဖွေ ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

အေးသာယာစက်မှုဇုန်မှ ဓာတ်မြေဩဇာများ၊ ပလတ်စတစ်ကုန်ချောပစ္စည်းများ၊ အဆင့်မြင့်ပေါင်းပြီး သကြားများ၊ သစ်ဆိမ့်သီးအဆန်ထုတ်စက်၊ အခွံချွတ်စက်၊ စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ ပြောင်းဖူးခြွေစက်၊ ဆီစက်အစိတ်အပိုင်းများနှင့် ဆလွန်းကား၊ ဂျစ်ကားများ၊ နှစ်ခန်းတွဲယာဉ်၊ တံခါးလေးပေါက်ဂျစ်၊ ကမ္ဘောဇစူပါဂျစ်နှင့် ပစ်ကပ်ယာဉ်တို့ကို ထုတ်လုပ်လျက်ရှိသည်။

စက်မှုဇုန်များအနေဖြင့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အထွေထွေစက်မှုလုပ်ငန်းသုံးပစ္စည်း၊ စက္ကူစက်၊ သကြားစက် စသည့် ကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ထို့မှုမက ကျေးလက်သုံးအသေးစားရေအားလျှပ်စစ်ထုတ် စက်ပစ္စည်းနှင့် လယ်ယာအထောက်အကူပြုစက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့အပြင် မော်တော်ယာဉ်များ ထုတ်လုပ်ရာ၌ ယာဉ်အစိတ်အပိုင်းများကို သီးခြားစီထုတ်လုပ်ပြီး မော်တော်ယာဉ်အဖြစ် ပေါင်းစပ်တည်ဆောက်ရခြင်းဖြစ်ရာ စက်ရုံတစ်ခုနှင့်တစ်ခု၊ စက်မှုဇုန်တစ်ခုနှင့်တစ်ခု ပေါင်းစည်းလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတွင်ကျယ်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့တည်ဆောက်ရေး၊ လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည့်ကာလတွင် စက်မှုဇုန်လုပ်ငန်းရှင်များက စက်မှုဇုန်အလိုက်၊ စက်ရုံများအလိုက် ညှိနှိုင်းပေါင်းစပ်ပြီး အရည်အသွေးမြင့်မားသည့် စက်ပစ္စည်းများ တိုးမြင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဟယ်လင်းနစ်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာနီကိုလတ်စ်၊ ဇာဖီရိုပူးလော့စ်၏ နေရာတွင် မစ္စတာ မီလ်တီးအီးယားဒိစ်၊ဟစ်ကာကစ်အား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာမီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်သည် ၁၉၅၆ခုနှစ်တွင် အေသင်မြို့၌မွေးဖွားခဲ့ပြီး အေသင်တက္ကသိုလ်မှ ဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ခုနှစ်တွင် ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဂရိနိုင်ငံခြားရေးဝန်ကြီးဌာန ပလောဗ်ဗီမြို့၊ နေပယ်လ်စ်မြို့နှင့် နယူးဒေလီမြို့များရှိ ဂရိသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာမီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်ကာ မြန်မာနိုင်ငံဆိုင်ရာ ဟယ်လင်းနစ်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ယောက်ရှိသည်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေမိသားစုက သာကေတမြို့နယ် မြလမ်း ရတနာအိမ်ရာနေအိမ်၌ ဖေဖော်ဝါရီ ၈ရက်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (နတလ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

အဓမ္မ

(၁)

* တို့မြေတို့ပိုင်၊ နိုင်ငံပြည်ထောင်စု
တည်တံ့မှုတွက်၊ အခန်းဆက်တာဝန်
ကျေပွန်ထမ်းဆောင်၊ ညီနောင်သားချင်း
သွေးသားရင်းတွေ၊ ပင်လုံမြေ၏
အမွေဆင့်ကမ်း၊ လျှောက်သောလမ်းသည်
ပန်းတိုင်အနာဂတ်၊ မြင့်မြတ်အောင်ပွဲ
ရယူမြဲပင်၊ ရဲရင့်ပြတ်သား
ပြည်သူ့အား။

(၂)

* သမိုင်းဟူသည်၊ လိမ်လည်မရ
ဘဝပကတိ၊ အရှိတရား
သက်သေထားအံ့၊ အင်အားစည်းရုံး
နိုင်ငံလုံးတွင်၊ အုန်းအုန်းကျွက်ကျွက်
တစ်ခဲနက်မျှ၊ ကြွေးဆိုကြသည်
လမ်းပြမြေပုံ၊ ယုံကြည်အနာဂတ်
ပြတ်သားရဲရင့်၊ ခုနစ်ဆင့်လမ်း
လျှောက်လှမ်းကြရေး၊ ကြွေးကြော်သံတွေ
ပဲ့တင်နေခဲ့၊ မိုးမြေသိမ့်သိမ့်
ခြိမ့်ခြိမ့်လွှမ်းလွှမ်းရှိခဲ့ပြီ။

(၃)

* ကြည့်ကြလေ
ပင်လုံမြေ၏၊ အမွေဆင့်ကမ်း
အေးချမ်းဖွံ့ဖြိုး၊ တိုးတက်ခေတ်မီ
ပြည်သစ်တည်ဆောက်၊ ဂုဏ်မြောက်မော်ကွန်း
ဖော်ညွှန်းအမှန်၊ အောင်ပွဲခံဆဲ
မြဲမြံအင်အား၊ တိုင်းရင်းသားတို့
လှုပ်ရှားတက်ကြွ၊ စည်းလုံးကြလျက်
လမ်းပြမြေပုံ၊ ယုံကြည်ကြကြောင်း
စုပေါင်းစည်းဝေး၊ ဆွေးနွေးဆုံးဖြတ်
ချမှတ်အတည်ပြု၊ ပြည်သူ့အသံ
ဘဝဂ်ညံခဲ့၊ မိုးယံသိမ့်သိမ့်လွှမ်းသတည်း။ ။

ကေတုနီလာ

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄
အချိန် – နံနက် (၀၉:၀၀)နာရီမှ ညနေ (၁၇:၀၀)နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘားအံမြို့ရှိ ကောင်းမှုတော်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြည်ညို

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ် ဘားအံမြို့ ကောင်းမှုတော် စေတီတော်အထွတ်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၉

ကရင်ပြည်နယ် ဘားအံမြို့ ကျက်သရေဆောင် သေဋ္ဌမာရ်အောင် ဘုရားဝင်းအတွင်းရှိ ကောင်းမှုတော်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ယနေ့နံနက် ၁၁နာရီခွဲတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုသည်။

ရွှေထီးတော် တင်လှူပူဇော်ပွဲသို့ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု မဲဘောင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒြိယနှင့် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနတို့အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရ အဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်တို့က စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို မြိုင်ကြီးငူ ဆရာတော်ဘဒ္ဒန္တ သုဇနအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကောင်းမှုတော် စေတီတော် ရွှေထီးတော်တင်မင်္ဂလာ အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ပြီး ဒေဝါဝင်း ခင်းကာ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည်၍ အပူဇော်ခံသည်။

အစီအစဉ်အရ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို စေတီတော် ငြမ်းအထက်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအချိန်တွင် မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တ သုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို စေတီတော်အထွတ်၌ တင်လှူ ပူဇော်ကြသည်။ ယင်းနောက် အမွှေးနံ့သာရည်များဖြင့် ရွှေထီးတော်အား ပက်ဖျန်းရောင်တော်ဖွင့်ပူဇော်ကြပြီး ရွှေထီးတော်တင်မင်္ဂလာ အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကရင်ပြည်နယ် ဘားအံမြို့ရှိ ကောင်းမှုတော်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲတွင် စိန်ဖူးတော်ကို မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တ သုဇနအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ရွှေထီးတော် တင်လှူပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနား အစီအစဉ်ကို မင်္ဂလာမဏ္ဍပ်၌ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၇)ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များအား ယမန်နေ့ညနေပိုင်းတွင် ကြို့ကုန်းရှိ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဇနီး မိသားစုတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား လိုက်လံနှုတ်ဆက်ပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲအပြီးတွင် ဝန်ကြီးနှင့်ဇနီးက ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်အဖွဲ့ လှည့်လည်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော် အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယမန်နေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယမန်နေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

အထက(၁) မရမ်းကုန်း သက်ကြီးအာစရိယပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၉

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မရမ်းကုန်း (သမိုင်းမြို့မ အထက) သက်ကြီးအာစရိယပူဇော်ပွဲကို ယမန်နေ့မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မရမ်းကုန်း) စန္ဒိမာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မရမ်းကုန်း) ကျောင်းအုပ်ဆရာကြီး ဦးရှိန်လိန်းအောင်၊ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာကြီး၊ ဆရာမကြီး၁၂၀ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများကပူဇော်ကန်တော့ကြရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးဝင်းကြိုင်က ဩဝါဒစကားချီးမြှင့်ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဦးဝင်းထွန်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်အရှေ့ပိုင်းခရိုင်သို့ ဆက်လက်သယ်ဆောင် ပြည်သူလူထု ထောင်ပေါင်းများစွာ အလေးပြုကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့က တစ်ညတာ ရပ်နားခဲ့သော ပြည်ထောင်စုနေ့ အလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အလံတော် သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုနေ့ အလံတော်ကို နံနက်စနာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူအလေးပြုကာ တစ်ညတာရပ်နားလိုက်သည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်ကို တစ်ညတာရပ်နားမည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် စိုက်ထူစဉ်။ (ကြေးမုံ)

ရှေးဦးစွာ ပြည်ထောင်စုနေ့ အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။ ထို့နောက် နံနက်၆နာရီခွဲတွင်ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့အလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလိုက်ပါ၍ သီဟဒီပ အားကစားကွင်း မုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုနေ့အလံတော်ကို သယ်ဆောင်လာပြီး ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ သန်လျင်တံတား၊ သာကေတအဝိုင်း၊ ဧရာဝဏ်လမ်း၊ သုဝဏ္ဏအားကစားကွင်းလမ်းဆုံမှတစ်ဆင့် သံသုမာလမ်း၊ ဒဂုံမြို့သစ် (တောင်/မြောက်)လမ်းဆုံရှိ အလံတော်ကြိုဆိုရေးမုခ်ဦးသို့ သယ်ဆောင်ကြသည်။

ထိုကဲ့သို့ ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေဖြင့် ခမ်းနားထည်ဝါစွာ သယ်ဆောင်ကြရာတွင် သာကေတမြို့နယ်မှအင်အား ၁၀၀၀၀၊ ဒေါပုံမြို့နယ်မှအင်အား ၁၀၀၀၀၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ အင်အား ၁၀၀၀၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ အင်အား ၁၅၀၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မှ အင်အား ၅၀၀၀နှင့် ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ထောင်ပေါင်းများစွာသော ပြည်သူများက ပြည်ထောင်စုနေ့အလံတော် ဖြတ်သန်းရာ လမ်းဘေးဝဲ/ယာ တစ်လျှောက် နိုင်ငံတော်အလံများနှင့် ရောင်စုံအလံများ စိုက်ထူ၍လည်းကောင်း၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာကြိုဆိုပါ၏ စာတန်းပါ လမ်းဖြတ်ဆိုင်းဘုတ်များဖြင့် လည်းကောင်း၊ ဘင်ခရာအဖွဲ့များက တီးမှုတ်၍ လည်းကောင်း၊ စည်တော်ရွှမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ်အကများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာအကများဖြင့် လည်းကောင်း စုစုပေါင်းအင်အား ၅၀၀၀၀ဖြင့် ပြည်ထောင်စုနေ့အလံတော်ကိုအလေးပြုကြပြီး ပြည်ထောင်စု အလံငယ်များ ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ လှိုက်လှဲစွာဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ကြိုဆိုရေးမုခ်ဦးသို့ နံနက်၇နာရီခွဲတွင် ရောက်ရှိပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ပြည်ထောင်စုနေ့အလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလျက် သယ်ဆောင်ကာ ပြည်ထောင်စုလမ်းတွင်အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးမြအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံလွှဲပြောင်းပေးအပ်သည်။ မုခ်ဦးထိပ်တွင် ပန်းတဉ်းတန်းစည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃) ဘင်ခရာပန်းဖွားအဖွဲ့က ဘင်ခရာတီးမှုတ်၍လည်းကောင်း၊ပန်းဖွားအကဖြင့်လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်ကို လက်ဆင့်ကမ်း အလံတော်သယ်ယူရေးအဖွဲ့ဝင်များက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းသို့ လက်ဆင့်ကမ်း သယ်ဆောင်ကြစဉ်။ (ကြေးမုံ)

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးမြအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က ပြည်ထောင်စုနေ့ အလံတော်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာပြီး တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ အလံတော်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါ်နွယ်နီကျော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဖေခင်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်အုန်းမြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကြက်ခြေနီတပ်ရင်းမှ ဦးစောမင်းလူ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးရဲညွန့်(ငြိမ်း) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လှိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာကြပြီး ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းထောင့်အရောက်၌ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့မှတစ်ဆင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ ဦးအေးထွန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်ကျော်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးဌာနမှ ဒေါ်မြတ်မြတ်မူ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှ ရဲကျော်သူတင်အေး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပုလဲရတနာလမ်းအတိုင်း အဆင့်ဆင့်လက်ဆင့်ကမ်း၍ ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာကြပြီးနောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်းထိပ်ရှိ ကြိုဆိုရေးမုခ်ဦး၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

အားကစားမုခ်ဦးထိပ်၌ စေတနာသမ္မါဒ စည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ ရန်ကင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းအမှတ်(၁)မှ ဘင်ခရာအဖွဲ့က ဘင်ခရာ တီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကဖြင့် လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။ အားကစားကွင်းအတွင်း၌လည်း ပန်းလှိုင်စည်တော်အဖွဲ့မှ စည်တော်ရွှမ်း၍ လည်းကောင်း၊ သာကေတမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)နှင့်(၂)၊ တာမွေမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၆)၊ သဃ်္ဃန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၊ ဒေါပုံမြို့နယ်အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁)များမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များက ဘင်ခရာများ တီးမှုတ်၍လည်းကောင်း ပန်းဖွားအကဖြင့် လည်းကောင်း ပြည်ထောင်စုနေ့ အလံတော်ကို ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က အားကစားကွင်း အထူးတန်းပွဲကြည့်စင်ရှေ့အရောက်၌ ပြည်ထောင်စုနေ့ အလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိ လေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာပြီး နံနက် ၈နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် တက်ရောက်လာကြသောပြည်သူများက ပြည်ထောင်စုနေ့အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ တစ်ညတာ ရပ်နားလျက်ရှိသော ပြည်ထောင်စုနေ့ အလံတော်ကို လာရောက်အလေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်တစ်ညတာ ရပ်နားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်း၌ ယနေ့နံနက်ပိုင်းမှစ၍ မြန်မာမှုတေးဂီတဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေခြင်း၊ စက်မှုဇုန် ရှစ်ဇုန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန်တစ်ဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ လယ်/ယာသုံးစက်ကိရိယာ ပစ္စည်းများအပါအဝင်၊ စက်မှုဇုန်များမှ ထုတ်လုပ်သော ထုတ်ကုန်ပြခန်းများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနခြောက်ခုမှ ပြခန်းများဖြင့်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ လူသုံးကုန်၊ ဆေးဝါးပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများရောင်းချသည့် အရောင်းဆိုင်များဖြင့်လည်းကောင်း လေ့လာကြည့်ရှုဝယ်ယူအားပေးကြသူများဖြင့် ထူးကဲစွာ စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ လှိုင်းဘွဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

တိုးမြှင့်ပေးပြီး ဆေးရုံအဆောက်အအုံသစ် တည်ဆောက်နိုင်မည့် အခြေအနေကို ဆေးရုံပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့ လှိုင်းဘွဲ့မြို့မကျောင်းတိုက်သို့ သွားရောက်၍ အလုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလိတနှင့် လှိုင်းဘွဲ့မြို့မကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓတို့ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်သန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Printed Media (Reading Corner)၊ Electronic Media (Language Lab)၊ Computer Aided Instruction၊ Computer Application & e-Mail၊ အိမ်တွင်းမှု၊ စိုက်ပျိုးရေးနှင့် ပန်းချီအနုပညာခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းအတွက် ပံ့ပိုးဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ လှိုင်းဘွဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြို့နယ်၏ လူဦးရေ၊ မြေအသုံးချမှုနှင့်ပတ်သက်၍ အသားတင် စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ရေတံကောင်း၊ ကြံ၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှု၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း၊ လမ်း၊ တံတားလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ကျေးလက်ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ဒေသတာဝန်ခံ၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သည့်အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့၏ မြောက်ဘက်ခြမ်းရှိ လှိုင်းဘွဲ့မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းစီမံပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

နံနက်ပိုင်းက မြို့နယ်ဆေးရုံနှင့် ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဆေးရုံအဆောက်အအုံသစ် တည်ဆောက်ရေးအတွက်ကိုလည်း လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောက်လက်စ နှစ်ထပ်ကျောင်းဆောင်သစ်ကြီး အပြီးသတ်တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ယခုလည်း မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များအရ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ တိုးတက်ကောင်းမွန်စေရန်နှင့် မြို့နယ်၏ စီးပွားရေးကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အထောက်အကူပြုစေမည့် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်ချက်များကို စီစဉ်ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

လှိုင်းဘွဲ့-ပိုင်ကျုံကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့် လိုအပ်သည့်တံတားများ တည်ဆောက်ပေးရန် စီစဉ်ပေးခဲ့ပြီးဖြစ်သဖြင့် ကော့ကရိတ်-လှိုင်းဘွဲ့-ဘားအံလမ်းမကြီးမှာ မကြာမီသောကာလတွင် အဆင့်မြင့် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

လှိုင်းဘွဲ့မြို့နယ်သည် ကရင်ပြည်နယ်၏ အစွန်ပိုင်းတွင် တည်ရှိသည့် မြို့နယ်တစ်ခုဖြစ်ရာ ယခင်ကာလက နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေအရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်မပေးနိုင်ခဲ့သော်လည်း ယခု နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှုအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလာခြင်းဖြစ်ကြောင်း။

ကရင်ပြည်နယ်ကြီးတစ်ခုလုံး အေးချမ်းသာယာမှု ပြည့်ပြည့်ဝဝ ရရှိလာရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီသောကာလတွင် အေးချမ်းသာယာမှု အပြည့်အဝဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ ယင်းသို့ တိုးတက်ဖြစ်ပေါ်လာမည့်အခြေအနေကိုမျှော်မှန်းပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို နိုင်ငံ့ဝန်ထမ်းများအားလုံးက ယခုကပင် ကြိုးပမ်းစီမံဆောင်ရွက်ထားကြဖို့လိုကြောင်း။

မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသနေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန် ကူညီပံ့ပိုးပေးသွားဖို့လိုကြောင်း။

စိုက်ပျိုးရေးလိုအပ်သည့်နေရာများ၌ ရေရရှိရေးနည်းလမ်းများ ရှာကြံပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ နည်းပညာပေးခြင်း စသည့် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းစေမည့် ကူညီပံ့ပိုးမှုများ အစဉ်တစိုက် လေ့လာဖြည့်ဆည်းစီမံဆောင်ရွက်ပေးကြဖို့လိုကြောင်း။

မိမိတို့ ဆောင်ရွက်ပေးနိုင်သည်များကို နည်းလမ်းများ ရှာကြံဆောင်ရွက်ပေးရန်နှင့် မဆောင်ရွက်နိုင်သည်များကို အထက်အဖွဲ့အစည်းများသို့ မှန်ကန်စွာတင်ပြသွားရမှာဖြစ်ကြောင်း၊ အလားတူပင် အခြားသော မြို့နယ်နှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းရေးအတွက် ကူညီပံ့ပိုးမှုများ ဖော်ထုတ်ဖြည့်ဆည်းပေးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများပါမကျန် ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းအဆင့်ဆင့်ကို အလေးထားချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်၏ အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်များမှတစ်ဆင့် ခရိုင်နှင့် ပြည်နယ်၊ တိုင်းဒေသများပါ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သည့်အတွက် အခြေခံကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေရာ ဌာနဆိုင်ရာတာဝန်ရှိသူအားလုံးက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့လိုကြောင်း။

နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျားဒေသများ၊ အခြေခံ ကျေးလက်ဒေသများပါမကျန် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး အကြားအလပ်မရှိ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျစီမံချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ မြို့နယ်အဆင့် တာဝန်ရှိနိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လုံ့လဝီရိယအား စိုက်ထုတ်ပြီး စေတနာရှေ့ထား ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု သင်ယူမှု စာသင်ခန်းများတွင် အသုံးပြုရန် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်နှင့် ကွန်ပျူတာခြောက်စုံတို့ကို မြို့နယ်ပညာရေးမှူးအား ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ်ရှိ အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်က အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများနှင့် ကျောင်းသားအင်အား၊ ဝန်ထမ်းဦးရေ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ တပ်ဆင်သင်ကြားနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက စာသင်ခန်းများ၊ စုဝေးခန်းမ၊ အုပ်ချုပ်ရေးရုံး၊ ကျောင်းအုပ်ရုံး၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းများ ပါဝင်မည့် သုံးထပ်ပင်မဆောင်တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြုပြင်ဆောက်လုပ်ရန်များကို ညွှန်ပြမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဖဒိုတွင် စာပေဟောပြောပွဲနှင့် စာပေရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

စာပေဟောပြောပွဲနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)သို့ စာပေရန်ပုံငွေ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ရက်တွင် ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ အမှတ်(၉၁)၊ သစ်စက် စက်ရုံဝင်းအတွင်း ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးစောအဲဒို၊ စက်ရုံမှူး ဦးအောင်သိန်းနှင့် စာပေဝါသနာရှင်များ၊ စက်ရုံဝန်ထမ်းများ စုစုပေါင်း အင်အား ၇၀၀ ခန့် တက်ရောက်ကြပြီး ကျေးရွာဥက္ကဋ္ဌနှင့် စက်ရုံမှူးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ ရန်ပုံငွေ ကျပ် ၅၀၀၀၀ ကို စက်ရုံမှူးဦးအောင်သိန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လက်ခံရယူသည်။

ယင်းနောက် စာရေးဆရာများ ဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မစန္ဒာနှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများ ဟောပြောခဲ့သည်။ (သတင်းစဉ်)

လော်ကားဥယျာဉ် ပြည်ထောင်စုနေ့ ဖွင့်လှစ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ကြာသပတေးနေ့) ပြည်ထောင်စုနေ့တွင် အများပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၁၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၁၀။ မန်းချောင်းတံတား
- ၈:၃၀ ၁၁။ International News.
- ၈:၄၅ ၁၂။ Grammar Made Easy.
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၄:၅၀ ၅။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၀၀ ၆။ မွန်ရိုးရာဝတ်စားဆင်ယင်မှု
- ၅:၀၅ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၁၅ ၈။ ရှမ်းပြည်နယ်ယဉ်ကျေးမှု ပြတိုက်
- ၅:၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ Milo Success in Soccer.
- ၇:၁၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၇:၂၀ ၁၄။ မြစ်ဧရာ၏ အစနှင့် မြစ်ကျဉ်းများ၏ အလှ (အပိုင်း-၂)
- ၇:၃၀ ၁၅။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၀ ၁၆။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (တောင်ပိုင်း)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၂၅)**
- ၂၁။ Calcio Serie A Highlight
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြေကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်များ အသေအပျောက်အများဆုံး တိုက်ခိုက်ခံရမှုများ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှ စခဲ့သော အီရတ်စစ်ပွဲတွင် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အီရတ်၌ သေဆုံး၊ ဒဏ်ရာရရှိသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အရေအတွက်သည် တစ်နေ့တခြား များပြားလာလျက်ရှိသည်။ ကျူးကျော်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိအတွက် ကျည်ဆန်ဘယ်နေရာကလာမည် မသိဘဲရှိရာ စိတ်ဓာတ်ချောက်ချားနေကြရသည်။

ယင်းသို့ စိတ်ဓာတ်ချောက်ချားမှုကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအတွင်း ကိုယ့်ကိုယ်ကို သတ်သေသော တပ်ဖွဲ့ဝင်များ၏ အရေအတွက်မှာလည်း ပိုမိုများပြားလာလျက်ရှိသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့အထိ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌ သေဆုံးမှုမှာ ၅၂၉ ဦးအထိ ရှိသွားပြီဖြစ်သည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဌာနချုပ် ဂိတ်ပေါက်ဝတွင် ကားဗုံးပေါက်မှုကြောင့် မီးလောင်နေစဉ်။

၂၀၀၃ ခုနှစ် ဇွန် ၂၆ ရက်က မြို့တော်ဘဂ္ဂဒက် တောင်ဘက်တွင် အမေရိကန် စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသည့်ကားတစ်စီးကို တွေ့ရစဉ်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က အမေရိကန် ဘရက်လေအမျိုးအစား တိုက်ခိုက်ရေးယာဉ်တစ်စီး လမ်းဘေးဗုံး ပေါက်ကွဲထိမှန် ပျက်စီးခဲ့သည့်နေရာကို တွေ့ရစဉ်။



၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ အမေရိကန်နှင့် အပေါင်းပါတို့၏ စစ်အခြေစိုက်စခန်းကို ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသည်ကို တွေ့ရစဉ်။

အမေရိကန်နှင့် အပေါင်းပါတပ်များ အသေအပျောက်အများဆုံး တိုက်ခိုက်ခံရမှုများ

ရက်စွဲ	နေရာ	ဖြစ်ရပ်	အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ သေဆုံးသူဦးရေ
၂၀-၃-၂၀၀၃	ကူဝိတ်နယ်စပ်	ရဟတ်ယာဉ်ပျက်	၁၂
၂၃-၃-၂၀၀၃	နာဆရီယာ	ချုံခိုတိုက်ခိုက်ခံရ	၂၈
၃-၄-၂၀၀၃	–	တိုက်ပွဲ	၁၁
၇-၄-၂၀၀၃	–	။	၁၈
၂၄-၆-၂၀၀၃	အီရတ်တောင်ပိုင်း	တိုက်ပွဲနှင့်ချုံခို	၆
၁၂-၉-၂၀၀၃	–	မှားပစ်	၈
၂-၁၁-၂၀၀၃	ဘဂ္ဂဒက်အနောက်ပိုင်း	ရဟတ်ယာဉ် ပစ်ချခံရ	၁၅
၇-၁၁-၂၀၀၃	–	ရဟတ်ယာဉ် ပစ်ချခံရ	၆
၁၂-၁၁-၂၀၀၃	နာဆရီယာအီတလီရဲစခန်း	ကားဗုံးခွဲ	၁၉
၁၅-၁၁-၂၀၀၃	မိုဆူးလ်	ဘလက်ဟော့ခ်ယာဉ် နှစ်စင်း ပစ်ချခံရ	၁၇
၁၇-၁-၂၀၀၄	ဘဂ္ဂဒက်အနီး	လမ်းဘေးဗုံး	၅
		စုစုပေါင်း	၁၄၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း



၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၆ရက်က ဖွင့်လှစ်ခဲ့သည့် တနင်္သာရီတိုင်း မြိတ်-ထားဝယ်လမ်းပေါ်ရှိ ကျောက်ဖျာမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ကျွဲကူး-ကျောက်ဖျာတံတားကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
တစ်နှစ်စိုက်ပျိုးမြေဧက	၄၆၈၀၀၀	၆၇၀၀၀၀
ဆီအုန်းဧက	-	၁၁၀၀၀၀
ရော်ဘာဧက	-	၁၀၄၀၀၀
တာတမံ	၁၄	၁၃၄
ရေလှောင်ကန်	-	၁၃
လမ်း/တံတား		
လမ်းမိုင်	၃၆၃	၆၃၄
ပေ ၁၈၀ အထက်တံတား	၁	၆
သင်္ဘောဆိပ်	၁၀	၁၂
လျှပ်စစ်ဓာတ်အား		
ဒီဇယ်ဓာတ်အားပေးစက်ရုံ	၂၄	၃၄
ရေအားလျှပ်စစ်	၂	၆

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ဆက်သွယ်ရေး		
တယ်လီဖုန်း	၄၆၇	၃၉၇၅
ရေဒီယိုတယ်လီဖုန်း	-	၅၀
တယ်လီဖုန်းအိတ်ချိန်း	၆	၁၈
မိုက္ကရိုဝေ့ဗ်	၁	၂
ဂြိုလ်တုဆက်သွယ်ရေး	-	၂
ပြန်ကြားရေး		
ကိုယ်ပွားသတင်းစာတိုက်(မြိတ်)	-	တည်ဆောက်ဆဲ
ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံ	-	၁၀
ပြန်/ဆက်ရုံး	-	၁၀
စာကြည့်တိုက်	-	၁၀
အခြေခံပညာရေး		
အထက်တန်းကျောင်း	၂၃	၃၃
အလယ်တန်းကျောင်း	၄၇	၅၇
မူလတန်းကျောင်း	၈၉၄	၁၀၁၀
အဆင့်မြင့်ပညာရေး		
တက္ကသိုလ်	-	၂
ကောလိပ်	၁	၅
ကျန်းမာရေး		
ဆေးရုံ	၉	၁၀
တိုက်နယ်ဆေးရုံ	၈	၁၃
တိုင်းရင်းဆေးရုံ	-	၁
တိုင်းရင်းဆေးခန်း	၂	၇

တနင်္သာရီတိုင်း မြိတ်မြို့ ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

တနင်္သာရီတိုင်း ထားဝယ်ကောလိပ်ကို ထားဝယ်တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ အသစ်တည်ဆောက်ပေးခဲ့သည့် ထားဝယ်တက္ကသိုလ် စာသင်ဆောင်များကို (၁၄-၁-၂၀၀၄)ရက်က တွေ့ရစဉ်။

တနင်္သာရီတိုင်း ကော့သောင်းခရိုင်အတွင်းရှိ တိုင်းရင်းသားပုဂ္ဂလိက ဆီအုန်းခြံ တစ်ခြံကို တွေ့ရစဉ်။



သွေးချင်းများအတွက် အမျိုးသားရေးတာဝန်

မြင့်ခိုး – နတလ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်ပေါင်း ထောင်ချီသော သမိုင်းစဉ်တစ်လျှောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားညီအစ်ကိုများ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် စုစည်းညီညွတ်စွာ နေထိုင်ခဲ့ကြသည်။ သူ့ကျွန်ဘဝသို့ ကျရောက်သောကာလ၌ နယ်ချဲ့ဗြိတိသျှ အစိုးရသည် ကျွန်သက်ရှည်စေရန်ရည်ရွယ်၍ သွေးခွဲအုပ်ချုပ် သည့်စနစ် ကျင့်သုံးခဲ့သည်။ ယင်းအမွေဆိုးကြောင့် တိုင်းရင်းသား လူမျိုးအချင်းချင်း အထင်အမြင်လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှု တို့ဖြစ်ပေါ်ခဲ့ကာ လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုအမျိုးမျိုး ပေါ်ပေါက်ခဲ့ရသည်။



မံဆွောင်းဘောလီကြိုးတံတား

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော အရှည်ပေ ၃၆၀ရှိ မံဆွောင်းဘောလီကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းခွင် မြင်ကွင်းကို တွေ့ရစဉ်။

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေး တည်ဆောက်နေရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်တို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အခွင့်အလမ်း နည်းပါးခဲ့သည်။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးမူဝါဒများ ချမှတ် ကျင့်သုံးရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်းဟူသော နိုင်ငံရေးဦးတည်ချက်ကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံတော် အစိုးရ၏စေတနာကို နားလည်သဘောပေါက်မှု၊ချမှတ်ကျင့်သုံးသော အမျိုးသားရေးမူဝါဒများအပေါ် ယုံကြည်ကိုးစားမှုတို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ ဤသို့ဖြင့် နှစ်ပေါင်း ၄၀ကျော် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများတွင် ၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာထိန်းသိမ်းနိုင်စေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(ဃ) စီးပွားလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်၊

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅–၅–၈၉ရက်နေ့တွင် အဖွဲ့ဝင်ငါးဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၄–၂–၂၀၀၃ ရက်နေ့မှစ၍ အဖွဲ့ဝင်၁၆ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

၁၉၉၅ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်)က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လုပ်ငန်းကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် ပိုမိုသွက်လက် မြန်ဆန်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ မဟာဗျူဟာရည်မှန်းချက်(၆)ရပ်ကို ချမှတ်လမ်းညွှန်ခဲ့ပါသည်။

(က) အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့်လမ်းများဖြစ်လာအောင် ဖောက်လုပ်ပေးရန်၊

(ခ) ဝမ်းရေးအတွက် ဆန်စပါးဖူလုံအောင် စိုက်ပျိုးရန်နှင့် ကြံ၊ ပြောင်း၊ ပဲ စသည့်စီးပွားဖြစ်သီးနှံ တစ်မျိုးကောင်း၊ နှစ်မျိုးကောင်း ဖိဖိစီးစီး စိုက်ပျိုးရေးအတွက် ဆောင်ရွက်ပေးရန်၊ ထို့အပြင် ထွက်ရှိလာမည့်ပစ္စည်းများ ရောင်းချနိုင်ရန် ဈေးကွက်ပါ စီစဉ်ပေးရန်၊

(ဂ) ရေရှည်သီးနှံအဖြစ် ဖြစ်ထွန်းနိုင်မည့် နှစ်ရှည်ပင်များ ရွေးချယ်ပြီး တွင်တွင်ကျယ်ကျယ် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးရန်၊

(ဃ) မူလတန်းကျောင်းများ အဆင့်တိုးမြှင့်ပေးပြီး မူလတန်းကျောင်းသစ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးရန်၊

(င) နယ်စပ်ဒေသများ၌ ဖြစ်ပွားတတ်သည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများအပြင် ကုသရေးအစီအစဉ်နှင့် ကြိုတင်ကာကွယ်ရေး အစီအမံများကို တွဲဖက်ဆောင်ရွက်ပေးရန်၊

ကိုးကန့်ဒေသ လောက်ကိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်လာသော မြင်ကွင်း။



(စ) လူထုဆက်သွယ်ရေး နည်း
လုပ်ကိုင်ပေးရန်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချ
ဆောင်ရွက်သော နယ်စပ်ဒေသနှင့်
ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်
၃၁–၅–၈၉ရက်နေ့တွင် အဖွဲ့ဝင် ၁၇ဦ
ခဲ့ပြီး ၄–၂–၂၀၀၃ရက်နေ့မှစ၍
ဆောင်ရွက်လျက်ရှိပါသည်။

ဗဟိုကော်မတီ၊ လုပ်ငန်းကော
မူဝါဒများနှင့်အညီ လုပ်ငန်းများ အ
နိုင်ရန် ၃၁–၅–၈၉ရက်နေ့တွင် လုပ်
ဆောင်ရွက်ခဲ့ပြီး ၃–၁၀–၉၄ ရက်န
၁၈ခုအထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသာ
လုပ်ငန်းများကို အနီးကပ်ကြီးကြပ် အ
နိုင်ရေးအတွက် ၁၃–၆–၈၉ ရက်
ကော်မတီ(၁၁)ခု ဖွဲ့စည်းခဲ့ပြီး ခရိုင်
ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့

...ရေးတာဝန်

...ာလ

ကွန်ပျူတာကောလိပ်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံအစိုးရ ကွန်ပျူတာ ကောလိပ် အဆောက်အအုံကို ခံ့ညား ထယ်ဝါစွာ တွေ့ရစဉ်။

(စ) လူထုဆက်သွယ်ရေး နည်းလမ်းများကို တိုးချဲ့ဆောင်ရွက် လုပ်ကိုင်ပေးရန်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၃၁-၅-၈၉ရက်နေ့တွင် အဖွဲ့ဝင် ၁၇ဦးဖြင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ၄-၂-၂၀၀၃ရက်နေ့မှစ၍ အဖွဲ့ဝင် ၅၃ဦးဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့မှ ချမှတ်ပေးသည့် မူဝါဒများနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၃၁-၅-၈၉ရက်နေ့တွင် လုပ်ငန်းဆပ်ကော်မတီ ၁၃ခုဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ၃-၁၀-၉၄ ရက်နေ့မှစ၍ လုပ်ငန်းဆပ်ကော်မတီ ၁၈ခုအထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၁၃-၆-၈၉ ရက်နေ့မှစ၍ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(၁၁)ခု ဖွဲ့စည်းခဲ့ပြီး ခရိုင်/မြို့နယ်အဆင့်အထိ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။



၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ချမှတ်ထားသော စီမံကိန်းများနှင့်အညီ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၄-၉-၉၂ ရက်နေ့၌ "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး" ဝန်ကြီးဌာနကို ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ ၃၀-၁-၉၄ ရက်နေ့၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပင်မစီမံကိန်းတစ်ရပ်ရေးဆွဲ၍ ၁၉၉၃-၉၄ခု ဘဏ္ဍာရေးနှစ်မှ ၁၉၉၅-၉၆ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်တိုသုံးနှစ် စီမံကိန်း၊ ၁၉၉၆-၉၇ ဘဏ္ဍာရေးနှစ်မှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်အထိ ပထမနှစ်လတ်ငါးနှစ်စီမံကိန်းနှင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ဒုတိယနှစ်လတ်ငါးနှစ်စီမံကိန်းဟူ၍ စီမံကိန်းကာလ ၁၃နှစ် သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ နှစ်၃၀ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ "ဝ" ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနှင့် နာဂဒေသတို့ဖြစ်သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်ခုအတွင်းရှိ ဒေသ ၁၈ ခု၏ အကျယ်အဝန်းမှာ ခန့်မှန်း ၈၃၄၁၅ ဒသမ ၃၄ စတုရန်းမိုင်ရှိသည်။ အကျုံးဝင်သည့် မြို့နယ်ပေါင်း ၆၈ မြို့နယ်အတွင်း လူဦးရေ ၅ ဒသမ ၃ သန်း ကျော် နေထိုင်ကြသည်။ တိုင်းရင်းသားလူမျိုးစုအနေဖြင့် လူမျိုးစု အားလုံး၏ ၄၆ ရာခိုင်နှုန်းကျော် နေထိုင်ကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ကုသရေးအစီအစဉ်များ ဟန်ချက်ညီညီ တွဲဖက်ဆောင်ရွက်ပေးနိုင်ရန်၊ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ ဆေးရုံ၅၂ရုံ၊ ဆေးခန်း၈၂ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခု ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ချမှတ်ထားသော မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ ဒေသဝမ်းစာဖူလုံရေး၊စီးပွားဖြစ်သီးနှံများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေး၊ရေရှည်သီးနှံအဖြစ် ဖြစ်ထွန်းနိုင်မည့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးတို့အတွက် ချောင်းပိတ်၊ မြောင်းပိတ် ဆည်မြောင်းများ တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးမြေ ဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ စိုက်ပျိုးရေးရုံး ၃၁ခု၊ စိုက်ပျိုးရေးစခန်း ၁၁၅ခု၊တည်ဆောက်ပြီးဆည် ၄၀ခု၊ တိုင်းတာပြီးဆည် ၁၇ခု၊ တူးမြောင်းလေးခု၊ ထွန်စက်စခန်း ၁၁ ခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးအတွက် ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများနည်းတူ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာစေရန် ၃၀-၁၀-၂၀၀၃ရက်နေ့အထိ မွေးမြူရေးခြံ ၁၉ခြံ၊ ကုသရေးရုံး ၄၁ရုံး တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီး နွားမျိုး ၇၃ ကောင်၊ မြည်းသိုးမျိုး ၃၈ ကောင် ဖြန့်ဖြူးပေးခဲ့သည်။

၃၀-၁၀-၂၀၀၃ရက်နေ့အထိသစ်တောကြိုးဝိုင်းလေးခု၊ သစ်တောပျိုးဥယျာဉ်ခုနစ်ခု၊ သစ်စက် ၁၂ ခု သတ်မှတ်တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာပြီး ချမှတ်ကျင့်သုံး နေသည့် အမျိုးသားရေးမူဝါဒများ အပေါ်သက်ဝင်ယုံကြည်မှု အပြည့်အဝ ရရှိစေရန်အတွက် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို ၁၉၉၄ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၃၀-၁၀-၂၀၀၃ ရက်နေ့အထိ နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ ပေါင်း၉၇ရုံ တည်ဆောက်ပေးခဲ့သည်။

သတ္တုကဏ္ဍဖြင့် နယ်စပ်ဒေသများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ အိမ်ရာဆောက်လုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး၊ စာရင်းစစ်ဆေးရေး၊ ပြည်ထဲရေး၊ လူမှုဝန်ထမ်းနှင့် သမဝါယမ လုပ်ငန်း ဆပ်ကော်မတီများ အနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ၃၁-၁၂-၂၀၀၃ ရက်နေ့ အထိ သုံးစွဲပြီး ငွေကြေးပမာဏမှာ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ သန်းဖြစ်သည်။

စင်စစ်သော်ကား ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ် ပန်ဆင်ယုံကြည်သက်ဝင်မှုတို့ဖြင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ဦးတည်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။ တစ်ချိန်က တင်ရှိခဲ့ဖူးသော အာဃာတများ၊ သံသယစိတ်များကို မေတ္တာ၊ စေတနာ၊ကရုဏာ အရင်းခံထား၍ ချေဖျက်နိုင်ခဲ့သည်။ ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ဆက်လက်၍ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ရင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်း တည်ဆောက်ကြရပေမည်။ ဤသည်မှာ မလွဲမသွေ ထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်ကြီး ဖြစ်ပေတော့သည်။ ။

ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူချောမွေ့စွာ ကူးလူးဆက်သွယ်နိုင်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှုတိုးပွားစေ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကား ပြန့်ပွားရေးတို့အတွက် အထောက်အကူပြုရုံမျှမက လူမှုစီးပွားအခြေခံ အဆောက်အအုံများ တိုးတက်ဖြစ်ထွန်း အောင်မြင်စေရန် လမ်း/တံတားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ မြေလမ်း၂၇၉၃/၃မိုင်၊ ကျောက်လမ်း ၁၆၄၀/၇မိုင်၊ ကတ္တရာလမ်း ၃၀၆/၂မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂၉၇၁/၅မိုင်၊ တံတားကြီး ၄၂စင်း၊ တံတားငယ် ၆၅၉စင်း၊ ကြိုးတံတား ၁၆စင်း တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်။

ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းစေရန်၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားလာစေရန် အတွက် ကျောင်းများဖွင့်လှစ် သင်ကြားပေးခဲ့ရာ ၃၀-၁၀-၂၀၀၃ရက်နေ့အထိ မူလတန်းကျောင်း ၆၂၇ကျောင်း၊ အလယ်တန်းကျောင်း ၆၁ကျောင်း၊ အထက်တန်းကျောင်း ၆၂ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နွေရာသီ"အ" သုံးလုံးရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၁၉၉၆ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်း ကျောင်းနေအရွယ်လွန် တိုင်းရင်းသား၊ တိုင်းရင်းသူ ၃၁၈၇၉ဦး စာတတ်မြောက်ခဲ့သည်။

နှစ်ပေါင်း ၄၀ကျော်ခန့် ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့ခဲ့ရသော နယ်စပ်ဒေသအသီးသီးတွင် ရောဂါကြိုတင်ကာကွယ်ရေးနှင့်

ရေးမြစ်ကူးတံတားကြီး

မွန်ပြည်နယ် ရေးမြို့နှင့်တနင်္သာရီတိုင်း ထားဝယ်မြို့သို့ တိုက်ရိုက်ရထားဖြင့် ဆက်သွယ်သွားလာနိုင်မည့် ရေးမြစ်ကူးတံတားကြီးကို ၂၆-၁၁-၂၀၀၃ရက်နေ့က ဖွင့်လှစ်ခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူများ ဖြတ်သန်းလာကြစဉ်။

နယ်စပ်ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လူထုဆက်သွယ်ရေး နည်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ရာ ၃၀-၁၀- ၂၀၀၃ ရက်နေ့အထိ စာတိုက် ၄၇ခု၊ တယ်လီဖုန်းလုပ်ငန်း ၈၀ခု၊ ကြေးနန်းရုံး ၃၅ ရုံး တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

စိုက်ပျိုးရေးကို အခြေခံ၍လည်းကောင်း၊ ထွက်ရှိနိုင်သည့် သယံဇာတများကို အခြေခံ၍လည်းကောင်း စက်မှုလက်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရန် စွမ်းအင်လုပ်ငန်းသည် အဓိကကျသည်။ ၃၀-၁၀-၂၀၀၃ ရက်နေ့အထိ ရေအားလျှပ်စစ်စက်ရုံ ရှစ်ရုံ တည်ဆောက်ပေးခဲ့ပြီး မီးစက် ၂၅၁လုံးဖြင့် မြို့/ရွာပေါင်း ၁၈၆ခုတွင် မီးလင်းစေခဲ့သည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘားအံမြို့ရှိ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ / ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်းယဉ်ကျေးမှုအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ ကရင်၊ မွန်း၊ ပအိုဝ်း၊ ရှမ်းအစရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးဖွင့်ပွဲ အခမ်းအနားကို အဓိပတိလမ်းမကြီးထိပ် မုခ်ဦး၌ စတင်ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးက ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ၌ ယခုဖွင့်လှစ်မည့် ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးသည် ယခင်က ၁၆ပေအကျယ်သာရှိခဲ့ရာမှ လမ်းနယ် ၆၆ပေ အကျယ်၊ ၁၆၈၀ ပေရှည်သည့် လမ်းမကြီးတစ်ခု ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလမ်းမကြီးသည် ၂၂ပေ အကျယ် ကတ္တရာလမ်း နှစ်လမ်း၊ ရှစ်ပေအကျယ် ပလက်ဖောင်းနှစ်ခု၊ခြောက်ပေအကျယ် လမ်းလယ်ကျွန်းတစ်ခုနှင့် ယခင်ရှိပြီး ကွန်ကရစ်တံတားကို အကျယ် ၃၇ပေ၊ အရှည် ၁၃ပေ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း။

ယခုအခါတွင် ကရင်ပြည်နယ်အတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ရင်နှစ်သည်းချာများသည် ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးပေါ်မှ စိတ်လက်ကြည်သာချမ်းမြေ့စွာ လျှောက်လှမ်းရင်း ဘားအံတက္ကသိုလ်လမ်းမကြီးတွင် ပညာဆည်းပူးနိုင်ကြတော့မည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဘားအံတက္ကသိုလ် အဓိပတိလမ်းမကြီးကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘားအံတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဘားအံတက္ကသိုလ် မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဘားအံတက္ကသိုလ် ပင်မဆောင် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဘားအံတက္ကသိုလ်မှ ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား နေလင်းအောင်နှင့် ဒုတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသူ နော်မီမီထွေးတို့က ဖဲကြိုးဖြတ်၍ ဘားအံတက္ကသိုလ် ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဘားအံတက္ကသိုလ် ပင်မဆောင် အောင်မြင်စွာ တည်ဆောက် ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ပရဝဏ်အတွင်း၌ ကံ့ကော်၊ တရုတ်တည်၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ သစ်ဆိမ့်၊ ငုရွှေဝါနှင့် သပြေကြီးပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘားအံတက္ကသိုလ်ပင်မဆောင် မော်ကွန်းကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်ကွန်းကမ္ပည်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘားအံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အစီအစဉ်ကို ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုဖြစ်သည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းပြဆိုနေသည့် ပြည်ထောင်စုနေ့ မင်္ဂလာရက်မြတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွန်ခံ့ညားထည်ဝါသော ဤဘားအံတက္ကသိုလ်ကြီး၏ ပင်မအဆောက်အအုံသစ်ကြီးနှင့် စာသင်ဆောင်သစ်များကို ယနေ့ဖွင့်လှစ်နိုင်ခြင်းသည် ကရင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီး တစ်ရပ်လုံးအတွက်ပါ ဂုဏ်ယူဝင့်ကြွားရမည့် တိုးတက်ဖြစ်ထွန်းမှု တစ်ရပ်ပင်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ဘားအံတက္ကသိုလ်ကြီးတွင် သစ်လွင်ခံ့ညားထည်ဝါသည့် ပင်မအဆောက်အအုံကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသော စာသင်ဆောင်များ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ခေတ်မီပစ္စည်း ကိရိယာများ ပေါ်ထွန်းလာခဲ့ပြီဖြစ်ခြင်းကြောင့် ဘားအံတက္ကသိုလ်ကြီးသည်လည်း နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ထိုက်တန်လျော်ညီစွာ ခေတ်မီတက္ကသိုလ်ကြီးအဖြစ်တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

နောင်မကြာသော ကာလတွင် ဘားအံနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ် အဆောက်အအုံကြီးများလည်း အလွန်ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာတော့မည် ဖြစ်ခြင်းကြောင့် ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသူ၊ ကျောင်းသားများ အနာဂတ်ရေးသည် အလွန်စိတ်အေးချမ်းမြေ့ဖွယ်ရာဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဘားအံမြို့ရှိ အစိုးရကွန်ပျူတာကောလိပ် (ဘားအံ) ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)



ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား သွေးချင်းသားရင်း ညီအစ်ကို မောင်နှမများ၏ ရင်သွေးငယ်များဖြစ်သည့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများသည်လည်း အဆင့်အတန်းမြင့်မားသည့် အမိဘားအံတက္ကသိုလ်ကြီး၌ အဆင့်မြင့်ပညာရပ်များကို ပျော်ပျော်ရွှင်ရွှင်၊ အေးအေးချမ်းချမ်း လေ့လာဆည်းပူးသင်ယူနိုင်ကြတော့မည့် ဖြစ်သည့်အတွက် ကရင်ပြည်နယ်ကြီးနှင့်တကွ ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အနာဂတ်ကာလတိုင် မြှင့်တင်စွမ်းဆောင်ပေးကြမည့် နိုင်ငံ့သားကောင်း သမီးမွန်အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာတော့မည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရန် မျှော်မှန်းပြီး မိမိတို့၏ တိုင်းရင်းသူ၊ တိုင်းရင်းသားအမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကိုယ့်နိုင်ငံ ကိုယ်တည်ဆောက်နေသည့် အချိန်အခါကာလဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားမှု၊ အရည်အသွေး မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် စွမ်းအားများ တိုးပွားဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားကို ခိုင်မာသည်ထက် ခိုင်မာစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ဤအမျိုးသားရေး စွမ်းအားများ တောင့်တင်းခိုင်မာ ရှင်သန်ထက်မြက်မှသာလျှင် ရေရှည်တည်တံ့မည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေး တိုးတက်ခိုင်မာမှု၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများကို ကိုယ့်အားကိုယ်ကိုး ဖော်ဆောင်မြှင့်တင်နိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ချိန်ကစတင်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခြေခံသည့် တည်ငြိမ်ခိုင်မာသော ငြိမ်းချမ်းသာယာမှု အကျိုးရလဒ်ကောင်းများ တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဖြစ်ထွန်း စေရေးအတွက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ဘားအံတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဘားအံတက္ကသိုလ် မုခ်ဦးကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဘားအံတက္ကသိုလ် ပင်မဆောင်၌ ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ စာအုပ်များပြပွဲ ခင်းကျင်းပြသမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၁၀မှ**

လက်နက်ကိုင်ပဋိပက္ခများ ကင်းစင်ပပျောက်စေရအောင်၊ တိုင်းပြည် တည်ငြိမ်အေးချမ်းစေရအောင် ဖြောင့်မတ်သော နှလုံးသားဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ထက်တိုင်လည်း မလျှော့သော ဖွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းနေဆဲပင် ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဆီလျော်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးများအားလုံး လူမှုဘဝမျှတစွာ တိုးတက်မြင့်မားလာစေရအောင်ဆိုသည့် မျှော်မှန်းချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ကျေးလက်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် အထူးစီမံကိန်းကြီးများ စသည့် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အစီအမံများကို အဆင့်ဆင့်ချမှတ်ပြီး နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအရ တိုင်းရင်းသားပြည်သူများ၏ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်မည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသား စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ လျှပ်စစ်စွမ်းအားထုတ်လုပ်ရေး လုပ်ငန်းကြီးများ၊ လေယာဉ်ကွင်းကြီးများ စသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို စနစ်တကျ အကွက်ချစီမံပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်တည်ဆောက်ပေးခဲ့ပြီး တည်ဆောက်ပေးနေဆဲလည်း ဖြစ်ကြောင်း။

ဤဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဆီလျော်ညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသား လူမျိုးများအားလုံး ညီညွတ်မျှတစွာ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာမှုတို့နှင့် အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် စသည့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာမှုများလည်း တိုးတက်ဖြစ်ထွန်း အခြေခိုင်ခဲ့လာခဲ့ပြီ ဖြစ်ကြောင်း။

ယခုအခါ ကရင်ပြည်နယ်ကြီး တစ်ခုလုံး တည်ငြိမ်အေးချမ်းလာစေရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေရဆဲအခြေအနေ၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း လိုလားတောင့်တနေခြင်းကြောင့် အခြေအနေကောင်းများ ဖြစ်ထွန်းလာတော့မည်ဟု မျှော်မှန်း၍ ရနေပြီဖြစ်ကြောင်း။

လောလောဆယ်အားဖြင့် ကရင်ပြည်နယ်ကြီးတစ်ခုလုံး အပြည့်အဝ တည်ငြိမ်အေးချမ်းမှု မရရှိသေးသော်လည်း ၁၉၈၈ခုနှစ် နောက်ပိုင်းကာလများ၌ နယ်စပ်အစွန်အဖျားဒေသများမှအစ ကရင်ပြည်နယ်ဒေသ အများစုသည် တည်ငြိမ်အေးချမ်းလာခဲ့ပြီ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့်ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို အလုံးအရင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှင့် အလားအလာများသည် ယခင်ခေတ်ကာလများနှင့် နှိုင်းယှဉ်လျှင် ထူးခြားစွာ တိုးတက်ဖြစ်ထွန်းနေပြီဆိုသည်ကိုကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး လက်တွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအကျဆုံးဟုဆိုရမည့် လမ်းပန်းဆက်သွယ်မှုအပိုင်းတွင် ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး (ဇာသပြင်)တံတားနှင့် ဂျိုင်းမြစ်ကူး (ကော့ကရိတ်)တံတားတို့ အပါအဝင် တံတားကြီးငါးစင်းအပြင် တစ်ဆက်တစ်စပ်တည်း ဖြစ်သည့် မွန်ပြည်နယ်အတွင်းက အတ္ထရံမြစ်ကူး တံတားတို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ သံလွင်မြစ်ကူးတံတားကြီးနှင့် ဂျိုင်းမြစ်ကူးတံတား နှစ်စင်းအတွက် မြန်မာကျပ်ငွေသန်းပေါင်း ၂၇၈၁၁သမ ၆၇သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀ သန်းနီးပါး၊ အတ္ထရံမြစ်ကူးတံတားအတွက် မြန်မာကျပ်ငွေသန်းပေါင်း ၅၈၀ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၁သမ ၁၂၇သန်းတို့ကို နိုင်ငံတော်ဘဏ္ဍာငွေက ကျခံသုံးစွဲခဲ့ရသော်လည်း ယခုဆိုလျှင် ဘားအံ-မော်လမြိုင် ခရီးနှင့် မြဝတီ-ကော့ကရိတ်-ဘားအံ-မော်လမြိုင်ခရီးတို့ကို လွယ်ကူလျင်မြန်စွာ မော်တော်ယာဉ်များဖြင့် တောက်လျှောက်သွားလာ၍ ရနေပြီဖြစ်ခြင်းကြောင့် တည်ဆောက်ပေးရကျိုးနပ်သည်ဟု ဆိုနိုင်ကြောင်း၊ အကျိုးဆက်အနေဖြင့် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့သည် ကရင်ပြည်နယ်ကို ဖြတ်သန်းပြီး တစ်နိုင်ငံလုံး လိုရာဒေသသို့ လွယ်ကူစွာ သွားလာနိုင်နေပြီ ဖြစ်ကြောင်း၊ ထို့အတွက် ငွေကြေးနှင့် တိုင်းတာ၍မရနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော အကျိုးရလဒ်ကောင်းများကို ဒေသခံ တိုင်းရင်းသားပြည်သူများ ခံစားနေကြရပြီဖြစ်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို ဆက်သွယ်ဆက်စပ်ပေးမည့် သံလွင်တံတား (မော်လမြိုင်)ကိုလည်း တည်ဆောက်နေဆဲဖြစ်ရာ ပြီးစီးသွားပါက မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီး ဖြစ်လာမည့်အပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်က တိုင်းရင်းသားများအတွက် ခရီးသွားလာမှု၊ စီးပွားကုန်သွယ်မှုများအတွက် တိုက်ရိုက်အကျိုးခံစားခွင့်များ ရရှိလာတော့မည် ဖြစ်ကြောင်း။

ကရင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင်လည်း ကျန်းမာရေးကဏ္ဍ၌ ၁၉၈၈ခုနှစ်ကာလက ဆေးရုံ ၁၇ရုံသာရှိခဲ့ရာက ယခုဆိုလျှင် ခုတင်(၂၀၀)ဆံ့ ဘားအံ ပြည်သူ့ဆေးရုံကြီး၊ ခုတင်(၅၀)ဆံ့ မြဝတီဆေးရုံ၊ (၂၅) ခုတင်ဆံ့ မြိုင်ကလေးဆေးရုံတို့ အပါအဝင် ဆေးရုံပေါင်း ၂၅ရုံ ရှိလာပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ပြောရမည်ဆိုလျှင် ကရင်ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်က အခြေခံပညာ မူလတန်းကျောင်း ၁၀၆၄ကျောင်း၊ အလယ်တန်းကျောင်း ၆၅ကျောင်း၊ အထက်တန်းကျောင်း ၂၀သာရှိခဲ့ရာက ယခုဆိုလျှင် အခြေခံပညာကျောင်းပေါင်း ၁၀၀ကျော် တိုးပွားလာမှုကြောင့် မူလတန်းကျောင်း ၁၁၄၄ကျောင်း၊ အလယ်တန်းကျောင်း ၇၈ကျောင်း၊ အထက်တန်းကျောင်း ၃၁ကျောင်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၌ ကြည့်မည်ဆိုလျှင် ဘားအံအစိုးရ ကွန်ပျူတာ ကောလိပ်နှင့် ဘားအံအစိုးရ နည်းပညာ ကောလိပ်တို့ အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ၁၉၈၈ခုနှစ်က ကောလိပ်အဆင့်သာရှိခဲ့သည့် ဘားအံကောလိပ်ကို ၁၉၉၉ခုနှစ်တွင် ဒီဂရီကောလိပ်အဆင့်၊ ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်အဆင့် အဆင့်ဆင့် တိုးမြှင့်ပေးခဲ့သည့်အပြင် ယခုဆိုလျှင် ဘားအံတက္ကသိုလ်ကြီးသည် နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ဆီလျော်ညီညွတ်သော အဆင့်မြင့်တက္ကသိုလ်ကြီးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက နယ်ပယ်ကဏ္ဍစုံ၌ စနစ်တကျ ဖြန့်ကြက်စီမံ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားရေး အခြေခံကောင်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း၊ ဤအခြေခံကောင်းများ အရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ဆက်လက်မြှင့်တင်နိုင်ရေးတို့တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ထူးချွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးတို့သည် အခြေခံအကျဆုံး လိုအပ်ချက်များပင်ဖြစ်သည့်အတွက် တက္ကသိုလ်ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအားလုံးက ယခုလိုအပ်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမိဘားအံတက္ကသိုလ် ကျောင်းတော်ကြီး၏ တိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများကို တန်ဖိုးရှိရှိ ထိုက်တန်စွာ အသုံးပြုရင်း အားထုတ်ကြိုးပမ်း စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်ပြီး ပညာရည် မြင့်မားကြပါမှ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ထိထိရောက်ရောက် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းရေးကို အခြေခံသည့် မှန်ကန်သော အတွေးအခေါ်၊ မှန်ကန်သော အယူအဆ၊ မှန်ကန်သောခံယူချက်တို့ ဖြစ်ထွန်းပြီး ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကိုလည်း မှန်ကန်စွာ သိမြင်ရှောင်ရှားနိုင်မည် ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်သည် ဘေးပယောဂစွက်ဖက်ကျူးကျော်မှု အဖုံဖုံကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲတွန်းလှန်ရင်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည့်အတွက် စည်းလုံးညီညွတ်ခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် ယနေ့ နိုင်ငံတကာ့အလယ်၌ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နေနိုင်ခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ဤအစဉ်အလာကောင်းကို ဆက်လက်စွဲမြဲလျက် စည်းလုံးညီညွတ်စွာ နေနိုင်စေရေးအတွက် ယနေ့နိုင်ငံတကာ၌ တွေ့မြင်ကြုံတွေ့နေရသည့် လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေး အကြောင်းအမျိုးမျိုးပြပြီး မြှောက်ပင့်သွေးထိုးမှု၊ သွေးခွဲသပ်လျှိုမှု ဘေးပယောဂများကြောင့် မိမိလူမျိုးအချင်းချင်း ပဋိပက္ခဖြစ်ပွားနေမှုများ၊ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရမှုများ၊ ပြည်ထောင်စုပြိုကွဲသွားရမှုများ စသည့် အနိဋ္ဌာရုံဖြစ်ရပ်ဆိုးများ မိမိပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပူးကပ် ဝင်ရောက်မလာစေရအောင် အမျိုးသားရေးသတိဖြင့် အခါမလပ် ကာကွယ်စောင့်ရှောက်နေရန် လိုအပ်မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများ အားလုံးလိုလိုတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားဖြစ်ထွန်းနေမှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်ရနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိသားစုတစ်စုတည်းမှ ပေါက်ဖွားလာသည့် သွေးချင်းသားရင်း ညီအစ်ကိုများအကြား နှစ်ပေါင်းထောင်ချီ စွဲမြဲဖြစ်ထွန်းလာခဲ့သည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများ ပြန်လည်ဖြစ်ထွန်းလာစေရန် မလျှော့သော ဖွဲလုံ့လဖြင့် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း၊ ဘေးပယောဂ သွေးခွဲသပ်လျှိုမှုများကို အမျိုးသားရေး ကိုယ်ခံအားအပြည့်အဝဖြင့် တွန်းလှန်ဖယ်ရှားပြီး မိမိတို့သွေးချင်းသားရင်းများအကြား အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် လေးစားယုံကြည်မှု၊ အပြန်အလှန် ရိုးသားဖြောင့်မတ်မှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်ကြမည်ဆိုလျှင် ကရင်ပြည်နယ်ကြီးသည်လည်း မကြာမီသောကာလတွင် အခြားသော ပြည်နယ်၊တိုင်းများနည်းတူ အပြည့်အဝ ငြိမ်းချမ်းသာယာလာတော့မည်မှာ မလွဲဧကန်ပင် ဖြစ်ကြောင်း။

ယခုအချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်း

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဘားအံတက္ကသိုလ် အဓိကလမ်းမကြီးကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



❐ စာမျက်နှာ ၁၁မှ

နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ကရင်ပြည်နယ်အတွင်း ဖြတ်သန်းသွားမည့် အိန္ဒိယ–မြန်မာ–ထိုင်း အဝေးပြေးလမ်းမကြီး စီမံကိန်းများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် နယ်စပ်ဒေသအတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်းများ တိုးတက်ဖြစ်ထွန်းရေး အစီအမံများသည် မကြာသောကာလတွင် အကောင်အထည်ဖော်လာတော့မည်ဖြစ်သည့်အတွက် ဤစီမံကိန်းများ အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်နှင့်အမျှ ကရင်ပြည်နယ်ကြီးသည်လည်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ အချိန်အခါကဲ့သို့ ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးပွားခိုင်မာမှု၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့်အပြင် ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများလည်း မြင်တွေ့နေရပြီဖြစ်သည့် အခြေအနေအချိန်အခါကောင်းတွင် ဤကောင်းမြတ်သော အလားအလာများ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ဒေသခံ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ဘေးပယောဂများ ရှောင်ရှားပြီး တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် လျော်ညီစွာ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည့် ဘားအံတက္ကသိုလ် ကျောင်းတော်ကြီးက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပိုမိုတိုးပွားခိုင်မာစေရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးမည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ အမိဘားအံတက္ကသိုလ်ကြီးကနေ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် အပတ်တကုတ် ကြိုးစားလေ့လာ သင်ယူကြရန်နှင့် တိုင်းကျိုးပြည်ဆောင် ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ဘားအံတက္ကသိုလ် ကျောင်းတော်သူ၊ ကျောင်းတော်သားများအနေဖြင့် ယနေ့ နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်ကြီးအဖြစ် တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည့် အမိဘားအံတက္ကသိုလ်၏ အေးမြသော အရိပ်အာဝါသ၌ အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ သင်ယူဆည်းပူးလေ့လာရင်း ကရင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းနိုင်ကြပါစေ၊**
- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာ့အလယ်၌ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ကမ္ဘာတည်သရွေ့ ရပ်တည်နိုင်စေရေး အတွက် ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခြေခံကောင်းများ အစဉ်ထာဝရ တိုးပွားဖြစ်ထွန်းနေစေရအောင် တိုင်းရင်းသား ပြည်သူများအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် လက်တွဲပူးပေါင်း စွမ်းဆောင်နိုင်ကြပါစေ၊**
- **နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ပူးပေါင်းပါဝင် စွမ်းဆောင်နိုင်ကြပါစေ**

ဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကာလတွင် အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းချမှတ်ပြီး ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ အောက်ရှိ အဆင့်မြင့်ပညာ ကဏ္ဍများကိုပါ ထည့်သွင်းစီမံ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း။

အဆင့်မြင့်ပညာ ကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၌ တက္ကသိုလ်၊ ကောလိပ် ၃၂ခုရှိခဲ့ရာက ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်း အားလုံး၌ ဖြန့်ကြက်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ၊ ကျောင်းသား တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ရာက ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသူ၊ ကျောင်းသား ရှစ်သိန်းကိုးသောင်းကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

သင်ကြားရေးအပိုင်း၌လည်း ၁၉၈၈ ခုနှစ်က ပါမောက္ခမှ နည်းပြအဆင့်အထိ တက္ကသိုလ် ဆရာ၊ ဆရာမပေါင်း ၆၀၀၀ကျော်သာ ရှိခဲ့ရာက ယခုဆိုလျှင် ၁၇၀၀၀ကျော်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မဟာဝိဇ္ဇာအဆင့်အထိသာ ပေးနိုင်ခဲ့သော်လည်း ယခုအခါပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအနေဖြင့် မဟာသုတေသနဘွဲ့ ၁၈မျိုး၊ မဟာဘွဲ့ ၄၀မျိုး၊ ပါရဂူဘွဲ့ ၂၀မျိုးအပါအဝင် ဒီပလိုမာနှင့် ဘွဲ့အမျိုးအစားပေါင်း ၃၁၆ ခုအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သင်ကြား လေ့ကျင့်ပေးနိုင်ပြီဖြစ်ကြောင်း။

၁၉၉၈ ခုနှစ်ကစပြီး ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်တိုင်း၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို တည်ထောင်ဖွင့်လှစ်ပြီး ပရဝုဏ်တစ်ခုစနစ်ပေါင်းစုံ စနစ် (One campus multi system) ကျင့်သုံးခဲ့ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ၌ ဘွဲ့၊ ဒီပလိုမာ လက်မှတ်ရသင်တန်းအမျိုးအစား ၁၅၉မျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားပေါင်း ၉၃၀၂၀ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း။

ဆေးဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၌လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၉၀မျိုး၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၌ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၇၃မျိုးကိုလည်း တိုးချဲ့သင်ကြားပေးနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ငြိမ်အေးချမ်းရေး၊ အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်ရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တယ်ထည်ဝါ ဝင့်ကြွားလာနိုင်စေရေးအတွက် မြန်မာနိုင်ငံ၏ ပညာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းမြှင့်တင်ပေးလျက်ရှိကြောင်း။

၁၉၈၈ခုနှစ်တွင် ကရင်ပြည်နယ်၌ ဘားအံကောလိပ်တစ်ခုသာ ရှိခဲ့သော်လည်း ယခုအခါ ဘားအံတက္ကသိုလ် အပါအဝင် တက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ် နှစ်ခုနှင့် ကောလိပ်တစ်ခု စုစုပေါင်းတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် လေးခုအထိ တိုးတက်လာကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး အစီအစဉ်အရ ဘားအံတက္ကသိုလ်တွင် IT Centre ခုနစ်ခန်း ဖွင့်လှစ်ထားရှိပြီး ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးလျက်ရှိကြောင်း၊ Language Lab နှစ်ခု၌လည်း ကျောင်းသား၊ ကျောင်းသူ ၉၆ဦးကို တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးနိုင်ကြောင်း၊ VSAT, e-mail တို့ကိုလည်း ချိတ်ဆက်ပြီး Internet ပါ အသုံးပြု ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်အရ ဘားအံတက္ကသိုလ် ပင်မဆောင်ကို တည်ဆောက်ခဲ့ရာတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင် အဆောက်အအုံမြေနေရာ ရွေးချယ်သည့်အချိန်မှစ၍ ပင်မဆောင်ဖွင့်လှစ်သည့် ကာလအထိ အမြဲမပြတ်ကြီးကြပ်စစ်ဆေးခြင်း၊ လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဘားအံတက္ကသိုလ် ဆရာ၊ ဆရာမများအနေနှင့် နိုင်ငံတော်က မျှော်မှန်းထားသည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကြီး ဖြစ်ထွန်းလာအောင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သယ်ပိုးထမ်းဆောင်ကြမည့် ပညာရှင်များဖြစ်လာအောင် ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်ပျိုးထောင်ပေးကြပါ၊ ပညာသင်ကြားရာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များသည် ပညာစွမ်းရည် မြင့်မားရေးအတွက်သာမက နိုင်ငံသားကောင်း အရည်အသွေးများကိုပါ လေ့ကျင့်ပေးကြပါဟု ပြောကြားသည်။

ယင်းနောက် ဘားအံတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများကိုယ်စား ဘားအံတက္ကသိုလ် ဒုတိယနှစ် သင်္ချာအထူးပြုကျောင်းသူ မဂျူးမိုမိုစံက ဂါရဝပြု ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအား ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေကို ဖော်ညွှန်းသည့် ဖားစည်သံဝေ ကရင်မြေ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဘားအံတက္ကသိုလ် ငွေပဒေသာပင်စိုက်ထူရန် ယုဇန ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်သိန်း ၃၀၀၊ ကရင်ပြည်နယ်၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စီးပွားရေးလုပ်ငန်းရှင် ၁၅ဦးတို့က ငွေကျပ် သိန်း ၃၀၊ မြဝတီ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ်သိန်း ၂၀၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်း၊ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက ငွေကျပ်ငါးသိန်းနှင့် မြဒွေးကြွယ်လင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်သန်းက ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၁၀ သိန်း၊ တောင်ကလေး ဆရာတော် ဘဒ္ဒန္တပညာသာမိက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ် ငွေပဒေသာပင်စိုက်ထူရန် အလှူရှင်များ လှူဒါန်းသည့် ငွေကျပ် ၃၇၅ သိန်းကို ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်အား ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌတို့က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မဆောင် ပထမထပ်၌ ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ စာအုပ်များပြပွဲအခန်းကို ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ ပုဂ္ဂလိကကုမ္ပဏီများ၏ IT ဆိုင်ရာ ပစ္စည်းများ ခင်းကျင်းပြသမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပင်မဆောင် ရှေ့မြက်ခင်းပြင်၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ရှင်းလင်းဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သည့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၆ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ထိုနေ့ညနေ ၄နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအထောက်အကူပြုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာနာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တောင်ကြီး၊ လွိုင်လင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုစုပေါင်းအင်အား ၄၂၀ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးသို့ ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ လာရောက်ရခြင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဖွဲ့စည်းထားပြီးဖြစ်သော အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် ကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး၏ အရေးအရာကိစ္စများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက် ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ရေးအတွက် အကန့်အသတ်များရှိနေကြောင်း၊ ယခု ဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်ရော အမျိုးသမီးထုအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အဖွဲ့အစည်းတစ်ရပ်ဟု ဆိုနိုင်ကြောင်း၊ ယခု ဖွဲ့စည်းခဲ့သော အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောရည်ရွယ်ချက် ခုနစ်ရပ်ချမှတ်၍ ဆောင်ရွက်နေကြောင်း၊ မြန်မာအမျိုးသမီးထုများအနေဖြင့် မိမိ၏ဆန္ဒ သဘောထားဖြင့်သာ အဖွဲ့ဝင်အဖြစ် ပါဝင်လျှောက်ထားရန်ဖြစ်ကြောင်း၊ တိုက်တွန်းခြင်း၊ ဆွဲဆောင်ခြင်းမျိုး မပြုလုပ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို သိရှိနားလည်ပြီး အမျိုးသမီးထု တစ်ရပ်လုံးအနေဖြင့် ဇာတိမာန်ထက်သန်သည့် ယဉ်ကျေးသိမ်မွေ့သော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် မြန်မာအမျိုးသမီးများ ဖြစ်လာစေရေး "အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူသော အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရန်မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကို လည်းကောင်း၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာနှင့် တိုင်းရင်းသားရေး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

10-2)km.P65 12 2/10/04, 3:08 AM

ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြည်ထောင်စုနေ့ပြခန်းများ ကြည့်ရှုအားပေး

ရန်ကုန်　ဖေဖော်ဝါရီ　၉

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီခွဲတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ညအိပ်ရပ်နားမည့် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ ဖွင့်လှစ်ထားသည့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြည်ထောင်စုနေ့ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များ၏ ပြခန်းများ၊ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် သစ်တောရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ ပညာပေးပြခန်းများနှင့် အရောင်းဆိုင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့များက ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည် ကြည့်ရှုအားပေးပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းတို့အား အောင်ပွဲရ မြန်မာလူငယ်အသင်းနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

❍ **ဘင်းမ်စတက်မှ**

ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင်အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်များ၊အားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော် အလံကိုလွှင့်ထူ၍ လေယာဉ်ပေါ်မှ ဆင်းသက်လာရာ ကြိုဆိုနှုတ်ဆက်သူများက "အောင်ပွဲရ (ဘင်းမ်စတက်) ချန်ပီယံ မြန်မာလူငယ်ဘောလုံးအသင်းအား လှိုက်လှဲစွာကြိုဆိုပါ၏" စာတန်းများဖြင့်လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးမှုတ်၍ လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများသည် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၁၂ မှ**

လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ကျန်းမာရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်မိုးမိုးခိုင်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီးငယ်ရွယ် အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူရှင် နီလာရီးမကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီ မိသားစုနှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း(ဇနီး) ဒေါ်အေးအေးမြင့် မိသားစုတို့က ငွေကျပ် ၁၀သိန်း၊ ရွှေကျားပျံမရွှေဝါမိသားစုက ငွေကျပ် ၁၀သိန်း၊ နဝရတ်ရွှေဇာမဏိ ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ သုဓမ္မသိင်္ဂ သီဟသုဓမ္မသိင်္ဂ ဒေါ်အုပ်က ငွေကျပ်ငါးသိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံယူသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင် စကားပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား မိသားစုအသွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန်　ဖေဖော်ဝါရီ　၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး မိသားစုတို့က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇၇) မဟာဗန္ဓုလလမ်းရှိ နေအိမ်၌ မိသားစုအသွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့က ဧည့်သည် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပေးအပ်ကြသည်။

အထူးစုံစမ်းစစ်ဆေးရေး

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် မွန်ပြည်နယ်မှ ဦးမောင်နှင့် တနင်္သာရီတိုင်းမှ ဦးသက်အောင်ဝင်းတို့အား ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်နှင့် ဇနီး ဒေါ်နုမေတို့က ယမန်နေ့ညနေ ၄နာရီတွင် ညွှန်ကြားရေးမှူးချုပ်၏ နေအိမ် အမှတ်(၁၁-အေ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရိပ်သာ (၆)မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်နှစ်ဦးအား ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့က မိသားစုအသွင် ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီးတို့က ရှမ်းပြည်နယ် မြောက်ပိုင်းမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်တစ်ဦးနှင့် မွန်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် တစ်ဦးတို့အားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ဇနီးတို့က ကရင်ပြည်နယ်မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် တစ်ဦးနှင့် ရှမ်းပြည်နယ် တောင်ပိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် တစ်ဦးတို့အားလည်းကောင်း ယင်းတို့၏ နေအိမ်များ၌ မိသားစုအသွင် ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ချင်းပြည်နယ်မှ မောင်ထန်လင်းနှင့် တနင်္သာရီတိုင်းမှ မကေသွယ်ဦးတို့အား မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် ဇနီး ဒေါ်ဝင်နီတို့က ယမန်နေ့ညနေ ၄နာရီခွဲတွင် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်(၂၁)(ဂျီ)ရှေ့ ၎င်းတို့၏နေအိမ်၌ ညစာဖြင့် တည်ခင်းဧည့်ခံပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် ဇနီးတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တောင်ကြီးမြို့၌ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန်　ဖေဖော်ဝါရီ　၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ရက် နံနက် ၈နာရီတွင် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရှင်းလင်းဆွေးနွေးသည့် ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီး မိသားစုက (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့် ညစာတည်ခင်းဧည့်ခံစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (စိတ်ပညာ) (ခ) ပထမနှစ် (အင်္ဂလိပ်စာ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာရုး မယ့်ရွှေနဖူးစာ" (အပိုင်း-၅)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၉)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင်အသုံးပြုရန် လိုအပ်သော စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

Item	Description	Qty
(1)	Cylinder Assembly. V.00015000 B Model; TASCAM DA-30 MK II	2 Nos
(2)	Record/ Playback Head Model; TASCAM 122 MK II	2 Nos
(3)	Record/Playback Head 578301800 Model; TASCAM BR-20 N	2 Nos

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

Item	Description
(1)	Noritsu QSS-2901 Digital C/W 135/240 Auto Film Carrier 120 Auto Film Carrier Digital ICE Software Card/ Calendar Creation Software Multi Frame Print Creation Software Frame Print Creation Software Paper magazine (3. Boxes) QSS-2901.System installation CD&Floppy Disk. Dark Bag.(1.Pc) Extra Lamp (2.Pcs)

၂။ တင်ဒါပေးသွင်းမှုကို ၁၈–၂–၂၀၀၄ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ
ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ရန်ကုန်မြို့
ဖုန်း–၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅။

၂၀၀၄ခုနှစ် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကတာဝန်ယူကျင်းပမည့် ၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် တင်းနစ်ဝါသနာရှင်များ လာရောက်ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေဦးထွန်းဇော်–မေမေဒေါ်မြင့်မြင့်တို့၏ ၁၀–၂–၂၀၀၄ ရက်တွင် ကျရောက်သော ငွေရတုရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သမီး၊ ချစ်သားတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ကြပါစေဟု ဆုတောင်းလျက်––

ချစ်သမီး – ဆုမွန်ဇော် (စီးပွားရေးနောက်ဆုံးနှစ် YIE)
ချစ်သား – ဇော်မော်ဦး (ရက္ခဗေဒ၊ ဒုတိယနှစ်)

မွေးနေ့ဆုတောင်း

မြေးဦးလေး **"မိုးမြင့်ကေရီကျော်"**၏ (၉–၂–၂၀၀၄)ရက်နေ့တွင် ကျရောက်ခဲ့သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ထင်ပေါ်ကျော်ကြားခြင်း၊ ထူးချွန်ထက်မြက်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့် ပြည့်စုံပြီး ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ တီတီများနှင့်အတူ သာယာချမ်းမြေ့သော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ဘိုးဘိုး၊ဘွားဘွား	–	**ဗိုလ်ကြီးဝင်းမြင့်–ဒေါ်ခင်နွဲ့ရည်**
ဖေဖေ၊ မေမေ	–	**ဗိုလ်ကြီးကျော်ဌေးခိုင်–ဒေါ်မြင့်သဇင်နွဲ့ရည်**
တီတီလေး	–	**မြင့်စပယ်နွဲ့ရည်** **(Dip. T.Ed, Final year, Bot:)**
တီတီငယ်	–	**မြင့်မာလာနွဲ့ရည်** **(Dip. T.Ed, First year, Maths:)**

နှလုံးအိမ်မဂ္ဂဇင်း ဖေဖော်ဝါရီလထုတ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၉

နှလုံးအိမ်(Heart) မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၈)၊ ဖေဖော်ဝါရီလထုတ်ကို အမှတ်(၇၃)၊ ဒုတိယထပ်၊ ၅၀–၅၁လမ်းကြား ဗိုလ်ချုပ်လမ်း ပုဇွန်တောင်မြို့နယ်ရှိ Fairy Land Media က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(ဝဲပုံ)**

အဆိုပါမဂ္ဂဇင်းတွင် အလှအပနှင့် ကျန်းမာရေးဆိုင်ရာများ၊ ချစ်ခြင်းမေတ္တာအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ခေတ်ပေါ်ကဗျာနှင့် ကဗျာရှည်ကဏ္ဍ၊ ရုပ်ရှင်၊ ပန်းချီနှင့် စာပေအနုပညာဆောင်းပါးများ၊ မျက်နှာဖုံးရှင်နှစ်ဦး၏ အချစ်အကြောင်း၊ ချစ်ကောင်းနှင့်ဆုရှွန်းလဲ့တို့၏အင်တာဗျူးများ၊ နိုင်ဝင်းသိ၊ အောင်ဆင့်၊ မင်းနွယ်စိုးတို့၏ ရသဝတ္ထုများ၊ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းနှင့် အားကစားကဏ္ဍများအပြင် လစဉ်ပါနေကျဖြစ်သော ပြောချင်လို့ဖတ်ထားတာ၊ ဖက်ရှင်အလှစာမျက်နှာနှင့် စုံတွဲအလှဓာတ်ပုံပြိုင်ပွဲများ ပါဝင်သည်။ (က–ပ)

ဝမ်းမြောက်ဂုဏ်ယူခြင်း

ပဲခူးမြို့၊ မြင်းကျား၊ ရွှေဒေါင်းပျံ၊ လိပ်စွန် ဆေးလိပ်ရုံပိုင်ရှင် သီဟသုဓမ္မသီဂိ ဒေါ်လှကြည်အား ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ သီရိသုဓမ္မသီဂိဘွဲ့တံဆိပ် ထပ်မံချီးမြှင့်ခြင်း ခံရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်းနှင့် ဆက်လက်၍ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်ကျင်ဝင်း (ဒိုက်ဦး)
ဒေါ်ခင်ထွေးမွန် (ကျည်ထောင်ကန်)
ဒေါ်အေးဝင်း (ပျဉ်းမနား)

ဝမ်းမြောက်ဂုဏ်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၄–၁–၂၀၀၄ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)အရ ဘဘဦးချူသန်း ဥက္ကဋ္ဌ/ဒါရိုက်တာ မြန်မာမြေလတ်သား သယ်ယူပို့ဆောင်ရေးလီမိတက်အား သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့်–

၁၃၆၅ခုနှစ် ပြာသိုလဆန်း (၃)၊ (၄)၊ (၅)ရက်၊ (၂၅–၁၂–၂၀၀၃၊ကြာသပတေးနေ့)မှ (၂၇–၁၂–၂၀၀၃၊စနေနေ့)ထိ မွန်ပြည်နယ်၊လမိုင်းမြို့နယ်အတွင်း ရှင်သာမဏေ (၁၀၀၁)ပါးနှင့် ရဟန်း (၁၂၈)ပါးတို့ကို ရဟန်းခံရှင်ပြုခြင်းမင်္ဂလာအား အောင်မြင်စွာ ကောင်းမှုဒါနပြုခြင်းနှင့် မွန်ပြည်နယ်၊ လမိုင်းမြို့ ကျိုက်ကေလာသဆံတော်ရှင်စေတီတော်၏ ရွှေစိန်ဖူးတော်သစ်၊ ရွှေငှက်မြတ်နားတော်သစ်နှင့် ရွှေထီးတော်သစ် တင်လှူနိုင်ရန်အတွက် ဖြစ်မြောက်အောင်မြင်ရန် မ,တည် ဦးစီးလှူဒါန်းပေးခဲ့သော ဘဘဦးချူသန်းသည် တိုင်းပြည်အကျိုး သယ်ပိုးနိုင်ပါစေကြောင်းနှင့် နှလုံးစိတ်ဝမ်း အေးချမ်းစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ထောမနာပြုအပ်ပါသည်။

– ကျိုက်ကေလာသဆံတော်ရှင်၏ ဂေါပကဆရာတော်ကြီး အရှင်မြတ်များနှင့် ဂေါပကလူကြီးမင်းများ။
– ကျိုက်ကေလာသဆံတော်ရှင်၏ ရွှေထီးတော်ဖြစ်မြောက်ရေး ဂေါပကအဖွဲ့၊ မွန်ပြည်နယ်၊ လမိုင်းမြို့နှင့် ရန်ကုန်မြို့ရှိ ဂေါပကအဖွဲ့များ။
– ရှင်(၁၀၀၁)ပါးနှင့် ရဟန်း(၁၂၈)ပါး အလှူအောင်မြင်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ကော်မတီဝင်များ။

ရန်ပြေရန်အေး ဆယ်တောင်ပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာပြု မူလ ဆယ်တောင်ပြည့် ကျောင်းတိုက်အတွင်းရှိ ရန်ပြေရန်အေး ဆယ်တောင်ပြည့်စေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ဖေဖော်ဝါရီ၅ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြကာ မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈယ်ချီးမြှင့်တော်မူကြသည်။ **(ဝဲပုံ)**

လှူဒါန်း

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းပွဲကို ကျင်းပရာ ရပ်ကွက်ပြည်သူများနှင့် အလှူရှင်များက သံဃာတော် အပါး ၂၇၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ကိုးနဝင်းစေတီတော် အာရုံခံတန်ဆောင်ကြီးတွင် ဇန်နဝါရီ၁၉ရက် နံနက်က မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ (ရေ၊ မီး၊ ဆွမ်း၊ ဆေး) အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်အတွင်း စုပေါင်းလှူဒါန်းငွေကျပ် ၆၃၀၀၀၀ ကို မြို့နယ်အကျိုးတော်ဆောင် ဦးလှမှင်နှင့် အတွင်းရေးမှူး ဦးဌေးလွင်တို့က ဥက္ကဋ္ဌ ဘဒ္ဒန္တ ဓမ္မသာရ (ဒီဃဘာဏက) ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၁၂၂)၏ ဦးစီးပဓာန နာယကဆရာတော် ဦးဓမ္မသာရ(ဓမ္မာစရိယ)၏ သက်တော် (၆၂)နှစ်ပြည့် မွေးနေ့တရားစခန်းကို ဖေဖော်ဝါရီ၁၃ ရက်မှ ၁၉ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖေဖော်ဝါရီ ၁၂ရက် ညအရောက် လာရောက်ပါရန်နှင့် ဆွမ်းစရိတ် အလှူတော်ငွေ ပေးသွင်းရန် မလိုကြောင်း သိရသည်။

(က-ပ)

တတိယအကြိမ်မြောက် ဓမ္မပူဇာပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၉

အလုံမြို့နယ် လွတ်လပ်ရေး ရပ်ကွက် မိသားစုမှ နှလုံးသားအာရုံ ဓမ္မပူဇာပွဲတော်၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဒေါက်တာ အရှင်ကောဝိဒ၊ ဖေဖော်ဝါရီ၁၁ ရက်တွင် အောင်စကြာ ဘဒ္ဒန္တ စန္ဒသူရိယ၊ ဖေဖော်ဝါရီ၁၂ ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရ၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် တွံတေး အရှင်ကုန္တက၊ ဖေဖော်ဝါရီ ၁၄ရက်တွင် အရှင်ဟာသိဟာဘိဝံသ၊ ဖေဖော်ဝါရီ၁၅ ရက်တွင် စစ်ကိုင်းအရှင်ခေမိန္ဒ၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ၊ ဖေဖော်ဝါရီ၁၇ ရက်တွင် သီတဂူ အရှင်ပညာနန္ဒ နှင့် ဖေဖော်ဝါရီ ၁၈ ရက်တွင် (၁၁)မီးငြိမ်းဆရာတော် ဘဒ္ဒန္တ အာဒိစ္စတို့က ညစဉ် ၆ နာရီမှစ၍ ဆင်မင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့် လွတ်လပ်ရေးရပ်ကွက် အလုံမြို့နယ်တွင် တတိယအကြိမ်မြောက် ဓမ္မပူဇာပွဲတော် ကျင်းပမည် ဖြစ်သည်။ (က-ပ)

စီမံခန့်ခွဲမှုဆိုင်ရာပညာရပ် သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပညာလိုလားသူ လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ ပညာရပ်များ အခမဲ့သင်ကြားပေးမည့် အစီအစဉ်တစ်ရပ်ကို ဖေဖော်ဝါရီ၁၅ ရက်တွင် စတင်မည် ဖြစ်သည်။

လက်ခံသင်ကြား

အဆိုပါသင်တန်းကို ပညာဒါနခေါင်းဆောင်မှုသင်တန်းအဖြစ် အမည်ပေးထားပြီး ခေါင်းဆောင်မှုဆိုင်ရာ ပညာရပ်များ၊ ပေါင်းသင်းဆက်ဆံမှုဆိုင်ရာပညာရပ်များနှင့် မိမိကိုယ်မိမိ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၃၀ လက်ခံသင်ကြားနိုင်မည် ဖြစ်သည်။ ထို့အပြင် အခြားသော အခကြေးငွေနှင့် ဖွင့်လှစ်သင်ကြားသော သင်တန်းများဖြစ်သည့် ဓာတ်ညွှန်းရေးနည်းသင်တန်း၊ ခေတ်ပေါ်အကသင်တန်း၊ အဆိုသင်တန်း၊ ဂစ်တာတီးသင်တန်း၊ ပန်းချီသင်တန်းနှင့် ဆက်ဆံပေါင်းသင်း ခေါင်းဆောင်ခြင်း သင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် (၂၉၁) လမ်း(၄၀) အထက်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၁၁၇၈၊ ၃၈၁၉၃၅၊ ၇၂၅၅၁၀ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ပရီမီယာလိဂ်ပွဲစဉ် (၂၅) ဒုတိယအကျော့ ဖူလ်ဟမ်း၊ လိဒ်စ်တို့ အနိုင်ကစားရမည့်ပွဲ

အားကစားသတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပရီမီယာလိဂ်ပွဲစဉ် (၂၅)ကို ပွဲစဉ် (၂၄)ကစားပြီး တစ်ရက်နားကာ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ ပရီမီယာပွဲစဉ်များကို ရှေ့သို့တိုး၍ ယှဉ်ပြိုင်ရခြင်းမှာ အက်(ဖ်)အေဖလား ပဉ္စမပွဲစဉ်များကြောင့် ဖြစ်သည်။ အက်(ဖ်)အေဖလား၏ ပဉ္စမပွဲစဉ်များကို ဖေဖော်ဝါရီ၁၄နှင့် ၁၅ ရက်များတွင် ကျင်းပလိမ့်မည် ဖြစ်သည်။

သို့ဖြစ်၍ ပရီမီယာလိဂ်ပွဲစဉ် (၂၅)ကို ဖေဖော်ဝါရီ ၁၀နှင့် ၁၁ ရက်နေ့များတွင် ကစားကြမည် ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ် (၂၅)သည် ပထမအကျော့ပွဲစဉ် (၁၉) ဖြစ်သည်။ ယှဉ်ပြိုင်ကစားကြမည့်အသင်းများမှာ အာဆင်နယ်-ဆောက်သမ်တန်၊ လိဒ်စ်-ဝုလ်ဖ်၊ လက်စတာ-ဘော်လ်တန်၊ ဖူလ်ဟမ်း-အက်စတွန်ဗီလာ၊ ဘလက်ဘန်း-နယူးကာဆယ်၊ မန်ယူ-မစ်ဒယ်ဘရော့၊ လီဗာပူး-မန်စီးတီး၊ ဘာမင်ဂမ်-အဲဗာတန်၊ ချာလ်တန်-စပါး(စ်)၊ ပို့စ်မောက်-ချယ်လ်ဆီးတို့ဖြစ်သည်။

ဖေဖော်ဝါရီ၁၀ ရက် အင်္ဂါနေ့ အာဆင်နယ်-ဆောက်သမ်တန်

ဒုတိယအကျော့ ပြန်ကစားရာတွင် နှစ်သင်းစလုံး ခြေစွမ်းမကောင်းကြချေ။ စိန့်က အာဆင်နယ်ထက် ညံ့နေသည်။ ပထမအကျော့တွင် စိန့်ခြေထက်နေသည်။ မန်ယူကိုပင် ခံကစားခဲ့သည်။ သို့သော် စိန့်၏ယခု ခြေရည်မှာ ထိုးဆင်းနေသည်။ လောလောဆယ် အနေအထားအရဆိုလျှင် အာဆင်နယ်ကို စိန့် သရေရအောင် ခြေမှန်ရမှ ဖြစ်ပေမည်။

အာဆင်နယ်ကွင်းမှာကစားရမည်။ ခြေထက်နေသည့် စိန့်ကိုကြည့်ပြီး ပထမအကျော့တွင် သရေဖြစ်မည်ဟု တွက်ကြသည်။ စိန့်ကို အာဆင်နယ်အကြိတ်အနယ် ကစားပြီး တစ်ဂိုးဖြင့် ကပ်နိုင်ခဲ့သည်။ လက်ရှိ အနေအထားအရ အာဆင်နယ်ပင် နိုင်လိမ့်မည်ဟု ယူဆမိသည်။ ရှေ့ပွဲတွင် အာဆင်နယ်က ချယ်လ်ဆီးနှင့် ကစားရမည်။ စိန့်က အဲဗာတန်နှင့်ကစားရလိမ့်မည်။

လိဒ်စ်-ဝုလ်ဗာဟမ်တန်

လိဒ်စ်သည် ပွဲစဉ် (၁၉)မှစ၍ တစ်ပွဲမှမနိုင်သေးဘဲ ဖြစ်နေသည်။ ဝုလ်ဖ်က နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားသည်။ လက်ရှိအနေအထားတွင် ဝုလ်ဖ် ခြေရည်မှန်တမ်းမှာ ရှိသည်။ လိဒ်စ်မှာ စိတ်ဓာတ်အား ပျက်နေသည်။ တကယ်ခြေရည်မှန်ကိုတွက်လျှင် လိဒ်စ်က ဝုလ်ဖ်ထက် ကောင်းသည်။

ကစားရမည့်နေရာမှာ လိဒ်စ်ကွင်းဖြစ်သည်။ ပထမအကျော့တွင် လိဒ်စ် ခြေမှန်ဖြစ်နေသောကြောင့် ဝုလ်ဖ်ခံကန်လျှင် သရေလောက်ကျနိုင်သည်ဟု တွက်ကြသည်။ သို့သော် ဝုလ်ဖ်က သုံး-တစ်ဖြင့်နိုင်သည်။ ယခု လိဒ်စ်၏ စုစည်းမှုအား ပြန်ရစပြုနေပြီ။ လိဒ်စ် အနိုင်ပြန်ရဖို့ အခွင့်အလမ်း သာလျက်ရှိသည်။ ရှေ့ပွဲတွင် လိဒ်စ်က မန်ယူနှင့် ကစားရမည်။ ဝုလ်ဖ်က ဖူလ်ဟမ်းနှင့်ကစားရမည်။

လက်စတာ-ဘော်လ်တန်

လက်စတာခြေပျက်နေသည်မှာကြာပြီဖြစ်သည်။ ပွဲစဉ် (၁၃)မှစပြီ နိုင်ပွဲတစ်ပွဲမှမရသေးဘဲ ဖြစ်နေသည်။ ဒုတိယအကျော့တွင် ဘော်လ်တန်သည် သုံးပွဲဆက်တိုက် နိုင်ထားသည်။ လက်ရှိအနေအထားကြည့်လျှင် ဘော်လ်တန်က လက်စတာထက် ခြေရည်ကောင်းနေသည်။ ပင်ကို ခြေစွမ်းကြည့်လျှင်လည်း ဘော်လ်တန်က သာသည်။ ပထမပွဲတုန်းက ဘော်လ်တန်က ဦးဆောင်သော်လည်း လက်စတာ၏ ပြန်လှန်ကစားခြင်းကို ခံရသည်။

ဘော်လ်တန်က လက်စတာကွင်းမှာ ပြန်ကစားရမည်။ ပထမအကျော့တုန်းက ဘော်လ်တန်က ပုံမှန် ခြေရနေသောကြောင့် နိုင်မည်ဟု ခန့်မှန်းကြသည်။ သို့သော် နှစ်ဂိုးစီ သရေကျသည်။ ယခုပွဲတွင် ဘော်လ်တန် အမှန်တကယ် အနိုင်ရဖို့ အလားအလာများသည်။ ရှေ့ပွဲတွင် လက်စတာက စပါး(စ်)နှင့် ကစားရမည်။ ဘော်လ်တန်က မန်စီးတီးနှင့် ကစားရလိမ့်မည်။

ဖေဖော်ဝါရီ ၁၁ ရက် ဗုဒ္ဓဟူးနေ့ ဖူလ်ဟမ်း-အက်စတွန်ဗီလာ

နှစ်သင်းစလုံးသည် ဒုတိယအကျော့ပြန်အစတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားကြသည်။ အဆင့်ရှိသည့် အသင်းများနှင့် ကစားရာ၌ နှစ်သင်းစလုံး ရှုံးခဲ့ကြသည်။ အောက်အသင်းများကိုသာ နိုင်ကြသည်။ ဒုတိယအကျော့ ကစားခဲ့သောပွဲများကိုကြည့်လျှင် ခြေရည်အတူတူလောက်သာ ရှိကြသည်။ သို့သော် ပထမအကျော့ နှစ်သင်းမတွေ့မီက ဗီလာက ခြေစွမ်းကောင်းနေသည်။ လက်ရှိမှာ ထိုစဉ်ကလောက် ခြေစွမ်းမပြနိုင်ဘဲ ဖြစ်နေသည်။

ဖူလ်ဟမ်းကွင်းမှာ ကစားရမည်။ ပထမအကျော့တွေ့စဉ်က ဗီလာ ခြေစွမ်းထက်သောကြောင့် ဗီလာ နိုင်ခြေရှိသည်ဟု တွက်ကြသည်။ ထင်သည့်အတိုင်း ဗီလာက သုံးဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ လက်ရှိအနေအထားမှာ ဖူလ်ဟမ်း ခြေမှန်ရနေသည်။ ယခုပွဲတွင် ဖူလ်ဟမ်း သရေနှင့် အနိုင် ရနိုင်သည်။ ဖူလ်ဟမ်းက ရှေ့ပွဲတွင် ဝုလ်ဖ်နှင့် ကစားရမည်။ ဗီလာက ဘာမင်ဂမ်နှင့် ကစားရသည်။

ဘလက်ဘန်း-နယူးကာဆယ်

ဒုတိယအကျော့ပြန်အစ၌ ဘလက်ဘန်း ခြေစွမ်းပျောက်နေသည်။ တစ်ပွဲမှ နိုင်ပွဲမရသေးဘဲရှိသည်။ နယူးကာဆယ်က ခြေစွမ်းထက်လျက်ရှိသည်။ ရှုံးပွဲမရှိသေးချေ။ ပထမအကျော့ နှစ်သင်းမတွေ့ခင်တုန်း အခြေအနေအတိုင်းရှိသည်။ လောလောဆယ်မှာ နယူးကာဆယ် ခြေသာနေသည်။ နှစ်သင်းယှဉ်ကြည့်လျှင်လည်း နယူးကာဆယ်က ပိုကောင်းသည်။

ဘလက်ဘန်းကွင်းမှာ ကစားရမည်။ ပထမအကျော့ နှစ်သင်းတွေ့စဉ်က ခြေစွမ်းကောင်းနေသော နယူးကာဆယ်ကို နိုင်မည်ဟု တွက်ခဲ့ကြသည်။ သို့သော် ဘလက်ဘန်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ရှေ့ပွဲတွင် ဘလက်ဘန်းက ချာလ်တန်နှင့် ကစားရမည်။ နယူးကာဆယ်က မစ်ဒယ်ဘရော့နှင့် ကစားရလိမ့်မည်။

မန်ယူ-မစ်ဒယ်ဘရော့

လူသစ် ဆာဟာနှင့် မန်ယူ ယခုပွဲလောက်ဆို အချိတ်အဆက်မိလောက်ပြီထင်သည်။ ဒုတိယအကျော့တွင် မန်ယူသည် နယူးကာဆယ်နှင့် ဝုလ်ဖ်ပွဲတို့တွင် ကပျက်ကချော်ကစားခဲ့သည်။ စိန့်နှင့်ပွဲကိုလည်း စိတ်ကြိုက်မဖြစ်ခဲ့ချေ။ မန်ယူကို ဒုက္ခပေးသည့် အသင်းထဲ၌ ဘိုရို ထိပ်ဆုံးမှပါသည်။ ဘိုရိုသည် ဒုတိယအကျော့ ပို၍ကောင်းလာပြီး အားထည့်ကစားလာသည်။ နှစ်သင်းခြေကွာသည်။ မန်ယူသာသည်။

မန်ယူကွင်း၌ ကစားမည်။ ပထမအကျော့၌ နိုင်မည်ဟု တွက်ခဲ့သောမန်ယူ တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်နိုင်သည်။ ယခုပွဲတွင်လည်း သရေ သို့မဟုတ် အနိုင် မန်ယူရနိုင်သည်။ မန်ယူက ရှေ့ပွဲတွင် လိဒ်စ်နှင့် ကစားရမှာဖြစ်ပြီး ဘိုရိုက နယူးကာဆယ်နှင့် ကစားရလိမ့်မည်ဖြစ်သည်။

လီဗာပူး-မန်စီးတီး

လောလောဆယ်အနေအထား၌ လီဗာပူးခြေကောင်းနေသည်။ မန်စီးတီးမှာ ခြေညံ့နေသည်။ ပထမအကျော့ကစားစဉ်က နှစ်သင်းစလုံး ခြေပျက်နေကြသည်။ သို့သော် နှစ်သင်းကစားကြရာတွင် အကြိတ်အနယ် ဖြစ်ခဲ့သည်။ မန်စီးတီးကပင် လီဗာပူးထက် ခြေစွမ်းထက်ခဲ့သည်။ ပွဲပြီးခါနီးမှ အိမ်ရှင်လီဗာပူး ချေပဂိုးသွင်းနိုင်သည်။ နှစ်သင်းခြေရည်မှာ မတိမ်းမယိမ်းရှိကြသည်။

လီဗာပူးကွင်း၌ ကစားရမည်။ ပထမအကျော့၌ သရေကျမည်ဟု တွက်ဆသည့်အတိုင်းဖြစ်ခဲ့သည်။ ယခုပွဲ၌ မန်စီးတီး ပထမပွဲလို ခြေမှန်ရင် နိုင်ဖို့အလားအလာရှိသည်။ သရေအထိ မန်စီးတီး ခံကန်နိုင်သည်။ လီဗာပူးက ရှေ့ပွဲတွင် ပို့စ်မောက်နှင့် ကစားရမည်။ မန်စီးတီးက ဘော်လ်တန်နှင့် ကစားရလိမ့်မည်။

ဘာမင်ဂမ်-အဲဗာတန်

ပထမအကျော့နှင့်စာလျှင် ယခု ဘာမင်ဂမ် ကစားပုံကောင်းလာသည်။ အဲဗာတန်မှာ ဒုတိယအကျော့၌ ခြေစွမ်းပျောက်နေသည်။ ပထမအကျော့၌ ခြေစွမ်းထက်လျက်ရှိသည်။ နှစ်သင်းတွေ့သည့်အခါ အကြိတ်အနယ် ကစားခဲ့ကြသည်။ ပထမပိုင်းမှာ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားကြသည်။ နှစ်သင်းယှဉ်ကြည့်လျှင် ဘာမင်ဂမ် ခြေရည်က ပိုကောင်းသည်။ သို့သော် အဲဗာတန်ကောင်းမိလျှင် အသင်းကြီးများပင် ကြောက်ကြသည်။

ဘာမင်ဂမ်ကွင်း၌ ကစားရမည်။ ပထမအကျော့၌ သရေဟု တွက်ကြသည်။ အဲဗာတန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ယခုပွဲတွင် သရေနှင့် အနိုင် ဘာမင်ဂမ်ရနိုင်သည်။ ရှေ့ပွဲတွင် ဘာမင်ဂမ်က အက်စတွန်ဗီလာနှင့် ကစားရမည်။ အဲဗာတန်က စိန့်နှင့် ကစားရမည်။

ချာလ်တန်-စပါး(စ်)

နှစ်သင်းစလုံး ခြေရည်ထက်နေကြသည်။ စပါး(စ်)သည် ပထမအကျော့နှင့် ပြောင်းပြန်ဖြစ်သွားသည်။ ပထမအကျော့၌ ရှုံးပွဲများ ဆက်တိုက်ရနေခဲ့သည်။ လက်ရှိအနေအထားကြည့်လျှင် စပါး(စ်) ခြေရည်သည် ချာလ်တန်ကို ယှဉ်ကစားနိုင်သည်။ သို့သော် နှစ်သင်းခြေကွာသည်။ ချာလ်တန်က ပိုကောင်းသည်။ လူ၊ ကစားကွက် သာသည်။ ပထမအကျော့၌ အထက်မှ စီးကစားနိုင်ခဲ့သည်။

ချာလ်တန်ကွင်းတွင် ကစားရသည်။ ပထမအကျော့တွင် သရေနှင့် အနိုင် တစ်ခုခု ချာလ်တန်ရမည်ဟု တွက်ခဲ့ကြသည်။ မှန်းသည့်အတိုင်းပင် ချာလ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲ၌လည်း သရေ၊ အနိုင် ချာလ်တန်ရနိုင်သည်။ ချာလ်တန်က ရှေ့ပွဲတွင် ဘလက်ဘန်းနှင့် ကစားရမည်။ စပါး(စ်)က လက်စတာနှင့် ကစားရမည်။

ပို့စ်မောက်-ချယ်လ်ဆီး

ပို့စ်မောက်ခြေပျက်နေသည်မှာ ကြာပြီဖြစ်သည်။ ချယ်လ်ဆီးကစားပုံကလည်း အီလည်လည်ကြီး ဖြစ်နေသည်။ ဂိုးပေါက်မှာ လွဲကောင်းဆဲဖြစ်သည်။ ပို့စ်မောက်၏ ပြိုင်ပွဲစခြေရည်နှင့် ယခုခြေရည်မှာ ဆီနှင့် ရေလို ကွာသည်။ မည်သို့မျှ ယှဉ်ပြော၍မရ။ မျက်စိထဲစွဲလောက်အောင် ကောင်းသည့်ပွဲတစ်ပွဲမှ မရှိဘဲဖြစ်နေသည်။ အားထည့်ပြီး ပို့စ်မောက်ကစားမည်ဆိုလျှင် ချယ်လ်ဆီးကို ယှဉ်ကစားနိုင်စွမ်းရှိသည်။ လူအား၊ ကစားအား၊ ကစားကွက်ယှဉ်လျှင် ချယ်လ်ဆီးသာသည်။

ချယ်လ်ဆီးက ပို့စ်မောက်ကွင်း၌ ပြန်ကစားရမည်။ ပထမအကျော့၌ နိုင်မည်ဟု တွက်ထားသော ချယ်လ်ဆီးပင် နိုင်ခဲ့သည်။ ယခုပွဲ၌လည်း ချယ်လ်ဆီးနိုင်ဖို့ အလားအလာရှိသည်။ ပို့စ်မောက်က ရှေ့ပွဲတွင် လီဗာပူးနှင့် ကစားရမည်။ ချယ်လ်ဆီးက အာဆင်နယ်နှင့် ကစားရမည်။ ။

ခရိုင်အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့ ကျေးလက်ဒေသ ဝေဒနာရှင်များ အခမဲ့ကု

တောင်ငူ ဇန်နဝါရီ ၃၁

တောင်ငူခရိုင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းမှ ခရိုင်မျက်စိအထူးကုဆရာဝန် ဒေါက်တာတင်တင်လှ ခေါင်းဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်က ထန်းတပင် ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ မျက်စိဝေဒနာရှင်ပေါင်း ၃၄၆ ဦးတို့အား အခမဲ့စမ်းသပ်စစ်ဆေးပြီး လိုအပ်သော ကုသမှုများကို ပြုလုပ်ပေးသည်။

သင်တန်းပို့ချ

အဆိုပါ ခရိုင်မျက်စိအထူးကုအဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ထန်းတပင် ပြည်သူ့ဆေးရုံကြီး၌ ထန်းတပင်မြို့နယ်ရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၃၉ ဦးတို့အား ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကိုလည်း ပို့ချပေးခဲ့ကြောင်း သိရှိရသည်။ (၄၇၂)

ပရိယတ္တိစာမေးပွဲ ဖြူးမြို့၌ ကျင်းပ

ဖြူး ဇန်နဝါရီ ၃၀

ဖြူးမြို့နယ်လုံးဆိုင်ရာ သြဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော အကြိမ်(၃၀)မြောက် မူလပရိယတ္တိစာမေးပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းမှ စတင်၍ ဖြူးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ သံဃာတော် ၅၀၀ ကျော် ဝင်ရောက် ဖြေဆိုတော်မူကြသည်။

ပရိယတ္တိစာမေးပွဲများ ကျင်းပနေစဉ် ညစဉ်ညတိုင်း ဓမ္မကထိကဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်တော်မူကြကြောင်း သိရသည်။ (၁၄၀)

ရွှေမဥ္ဇူဘုရား ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

မိုးညှင်း ဇန်နဝါရီ ၂၅

အင်းတော်ကြီး-ရွှေမဥ္ဇူ ရေလယ်ဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက်က အဆိုပါ ရွှေမဥ္ဇူဘုရား ဓမ္မာရုံ၌ ကျင်းပသည်။

မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်သည့် အင်းတော်ကြီး-ရွှေမဥ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ယခုနှစ် တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ တာဝန်ပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ကျောက်မဲခရိုင် မန်လွယ်၊ မော်အောက်ကျေးရွာ နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၂၈

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍နယ်လှည့် စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက မန်လွယ်၊ မော်အောက်ကျေးရွာ အမကတွင် ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကို၊ ခရိုင်ပညာရေးမှူး ဦးဟောက်ရှန်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအပြီးတွင် ကျေးရွာသူ၊ ကျေးရွာသားများ၊ ဧည့်သည်တော်များက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ အလားတူ ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်ထိ ပုံစိုးကျေးရွာအုပ်စုအတွင်းရှိ ခဲချင်ကျေးရွာ၊ ကောင်းလန်းကျေးရွာ၊ ပြိန်းဆော့ကျေးရွာတို့တွင်လည်း နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲတို့ ကျင်းပခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးနေ့ ဂုဏ်ပြု မင်းလှမြို့ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မင်းလှ ဇန်နဝါရီ ၃၁

သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အား ဂုဏ်ပြုသောအနေဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့ (၇)ရပ်ကွက် မြို့အဝင် လမ်းမကြီး(ဗိုလ်ရုံတန်းလမ်း)၏ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် သန့်ရှင်းသပ်ရပ် လှပစေရေးအတွက် ပေါင်းမြက်ချုံနွယ်များကို ဇန်နဝါရီ ၂၄ ရက်က ရှင်းလင်းဆောင်ရွက်ကြသည်။ (အပေါ်ပုံ)

အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်မှုအား မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်လင်းဦးတို့က လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက် တံတားတည်ဆောက်

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂

ကြို့ပင်ကောက်မြို့နယ် ရုံးပင်-ငါးရစ်ရှိ ကျေးရွာချင်းဆက် လမ်းပေါ်တွင် အလှူရှင် ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ကြည် မိသားစု ဆောက်လုပ်လှူဒါန်းသည့် ကျပ် ၁၅ သိန်းတန် အုတ်ခုံ၊ သစ်သားတံတား တည်ဆောက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (၁၂၄)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အေးမြသီတာဈေးကြီး၏ အကျိုးတော်ဆောင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ပူးပေါင်း၍ ဇန်နဝါရီ၂၃ ရက်က မီးသတ်ဆေးဘူးသုံးစွဲမှု၊ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။ (၁၁၄)

မြို့နယ် သတင်းများ

တပ်မတော်ဆေးရုံ အောက်စီဂျင်စက် လှူဒါန်း

မကွေး ဖေဖော်ဝါရီ ၃

မကွေးမြို့ ကရုဏာရှင်များအသင်းမှတစ်ဆင့် အမှတ်(၁၆) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀) မကွေးသို့ အောက်စီဂျင်စက်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၉ ရက်က အမှတ်(၁၆) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀) ရှင်းလင်းဆောင်၌ ကျင်းပသည်။

—— ပေးအပ်လှူဒါန်း ——

ရန်ကုန်မြို့မှ အလှူရှင် ဦးအောင်ကိုဇော်-ဒေါ်အေးစန္ဒာမြိုင်တို့က လှူဒါန်းသော ကျပ် ၁၅၅၇၅၀၀ တန်ဖိုးရှိ အောက်စီဂျင်စက်ကို မကွေးမြို့ ကရုဏာရှင်များ အသင်းဥက္ကဋ္ဌ ဦးလှဆန်းမှတစ်ဆင့် အမှတ်(၁၆) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀) တပ်မှူး ဗိုလ်မှူးကျော်ကျော်ထံ ပေးအပ်လှူဒါန်းသည်။

မကွေးမြို့ ကရုဏာရှင်များအသင်းကြီးက မကွေးတိုင်း ဆေးရုံကြီးသို့လည်း အောက်စီဂျင်များ အခမဲ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

နတ်မောက် ဇန်နဝါရီ ၂၇

မကွေးတိုင်း နတ်မောက်မြို့နယ် စည်သာကျေးရွာ သုတရောင်ခြည် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်တွင် အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ စည်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးလှစိန်က စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရပုံများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ (မြို့နယ်ပြန်/ဆက်)

နွေစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

ခင်ဦး ဇန်နဝါရီ ၂၆

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်သည် ခင်ဦးမြို့နယ် ဥက္ကဋ္ဌ ဦးညွန့်မြိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ရွှေဘိုတူးမြောင်း လက်တံ အမှတ်(၃)နွေစပါးဧက ၂၄၂၆၀ စိုက်ပျိုးရန် ကံသစ်၊ ငွေးကုန်း၊ မြို့သစ်၊ တပင်ကောင်း၊ တယ်ဘိုပင်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုပြီး တောင်သူများ၏ ရေရရှိရေး လိုအပ်ချက်ဖြည့်ဆည်းပေးခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ် ကျေးရွာပြည်သူများ အလွယ်တကူ သွားလာနိုင်

အင်းတော် ဇန်နဝါရီ ၂၅

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာချင်းဆက် မြေသားလမ်းအသစ်များ ဖောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

မြေသားလမ်းသစ်

အင်းတော်မြို့နယ် ပေပင်-သက္ကယ်ကျင်း မြေသားလမ်းသစ် ဖောက်လုပ်ကာ မြေသားလမ်းအရှည် သုံးမိုင်လေးဖာလုံကို မြေထိုးစက် အမျိုးအစား ဘူဒိုဇာ D-၈ ကို အသုံးပြု၍ စည်ပင်ဘဏ္ဍာငွေ ကျပ် ၁၀ ဒသမ ၂ သိန်း ကုန်ကျခံပြီး ဆောင်ရွက်ပေးမှုကြောင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့သည်။ (ဝဲပုံ)

သွားလာနိုင်

ယခုအခါ ကျေးရွာပြည်သူများ အနေဖြင့် ကျေးရွာချင်းဆက်လမ်းဖြင့် အလွယ်တကူ သွားလာနိုင်ကြရပြီဖြစ်ကြောင်း သိရသည်။ (၂၃၃)

ကျုံမငေးမြို့
(၇၅)ကြိမ်မြောက် စိန်ရတုသဘင်
မြတ်စွယ်တော်ဘုရားပွဲတော်ကြီး

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇၅)ကြိမ်မြောက် စိန်ရတုသဘင် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း (၁၀)ရက်နေ့ ၂၉-၂-၂၀၀၄ ကျုံးမငေး အ-ထ-ကနှင့် စက်ရုံ အ-လ-က ပဒေသာကပွဲ၊ ၁၃၆၅ခုနှစ် တပေါင်းလဆန်း(၁၁)ရက်နေ့ ၁-၃-၂၀၀၄နိုင်ငံတော်စိန်စတင်းနှင့်မြေ မင်္ဂလာဆိုင်း၊ ၁၃၆၅ခုနှစ် တပေါင်းလဆန်း (၁၂)ရက်နေ့ ၂-၃-၂၀၀၄တင်ကိုဝင်း ဇာတ်သဘင်နှင့် ရုပ်ရှင်သရုပ်ဆောင် ရာဇာနေဝင်းနှင့် အဆိုတော် ရွှေရည်သိန်းတန်၊ ၁၃၆၅ခုနှစ် တပေါင်းလဆန်း (၁၃)၊(၁၄)ရက်နေ့ ၃-၃-၂၀၀၄၊ ၄-၃-၂၀၀၄ရက်ညများတွင်တင်ကိုဝင်း ဇာတ်သဘင်နှင့် အဆိုတော်ရွှေရည်သိန်းတန်၊ ၁၃၆၅ခုနှစ် တပေါင်းလဆန်း (၁၅)၊ လပြည့်ကျော် (၁)ရက်နေ့ ၅-၃-၂၀၀၄၊ ၆-၃-၂၀၀၄ ရက်ညများတွင် တင်ကိုဝင်း ဇာတ်သဘင်နှင့် ရွှေညီအစ်ကို၊ ဝိုင်းချစ်၊ ငြိမ်းချမ်း၊ ရှဲဒိုး၊ကောင်းကျော်၊ ထက်ထက်၊ ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် (၂)၊(၃)၊(၄)ရက်နေ့ ၇-၃-၂၀၀၄၊ ၈-၃-၂၀၀၄၊ ၉-၃-၂၀၀၄ ရက်ညများတွင် သစ္စာမေတ္တာ ရွှေမန်းသဘင်ချမ်းသာဇာတ်သဘင်။

တပေါင်းလဆန်း (၁၅)ရက်၊ မတ်လ (၅)ရက်၊ ညတွင် ကျုံမငေးမြစ်အတွင်း ဆီမီး (၁၀၀၀၀)တစ်သောင်း ပူဇော်ပွဲဖြင့်လည်းကောင်း၊ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပွဲတော်ဈေးဆိုင်ခန်းများကိုလည်း တပေါင်းလဆန်း(၁)ရက်၊ (၂၀-၂-၂၀၀၄) နေ့မှတင်၍ လူဟောင်းဦးစားပေး စနစ်ဖြင့် ဂေါပကရုံးခန်းတွင် ရောင်းချပါမည်။

(မည်သည့်အရပ်ဒေသသို့မှ အလှူခံစေလွှတ်ခြင်းမရှိပါ။)

အတုလဗုဒ္ဓမဟာစွယ်တော်မြတ်ဂေါပကအဖွဲ့၊
ကျုံမငေးမြို့။

(၄၅)နှစ်မြောက်မင်္ဂလာ

ချစ်သော ကျေးဇူးရှင်ဖေဖေ CAPT**ဦးမျိုးညွန့်**နှင့် မေမေ **ဒေါ်စုစုလှိုင်** (Mariner Shipping Co.,Ltd.)တို့ရဲ့ ၁၀-၂-၂၀၀၄နေ့တွင် ကျရောက်သော (၄၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ သမီး၊ မြေးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လူမှုကိစ္စအကျိုးကို ဆက်လက်ထမ်းပိုးဆောင်ရွက် နိုင်ပါစေကြောင်း ဆုတောင်းလျက်-

ချစ်သောသားနှင့်သမီး-Dr.ကြည်မောင်အေး-Dr.မေသူမျိုးညွန့်

ချစ်သောမြေး -ယမင်းမျိုးညွန့်

OCEANWIDE International Myanmar
277, Bogyoke Aung San Road,
7th floor, Room No (23), Asia Plaza. Tel : 240675

Ph : 526722

Tel : 09-99-26131, 249118

NPE

NPE

ZENITH

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်၏ ရာနှုန်းပြည့် အစုရှယ်ယာဖြင့် ဖွဲ့စည်းတည်ထောင်ထားသော

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LTD.

မြဝတီဘဏ်တွင် အများပြည်သူများယုံကြည်စိတ်ချစွာ ဆက်သွယ်၍ ငွေစာရင်းဖွင့်ခြင်း နှင့် ငွေလွှဲခြင်း လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။

- စာရင်းရှင်အပ်ငွေစာရင်းကို အကန့်အသတ်မရှိ ငွေသွင်းငွေထုတ် ပြုလုပ်နိုင်ပါသည်။
- ငွေစုဘဏ် အပ်ငွေကို တစ်ပတ်လျှင်တစ်ကြိမ် အကန့်အသတ်မရှိ ထုတ်ယူနိုင်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၀% ဖြစ်ပါသည်။ (၃) လ တစ်ကြိမ် အတိုးထည့်ပေးပါသည်။
- စာရင်းသေအပ်ငွေကို အကန့်အသတ်မရှိ အပ်နှံနိုင်ပြီး တစ်နှစ်လျှင် ၁၀% အတိုးဖြင့် (၃)လ၊ (၆)လ (၉)လ နှင့် (၁၂)လ အပ်နှံနိုင်ပါသည်။
- ငွေလွှဲပို့ခြင်း လုပ်ငန်းများကို မြဝတီဘဏ်ခွဲများအပြင် မြန်မာ့စီးပွားရေးဘဏ် အားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့် အကန့်အသတ်မရှိ ငွေလွှဲပို့နိုင်ပါသည်။
- အခိုးရှေ့ဥာနများသို့ ငွေပေးချေရန်အတွက် (**Payment Order**) များဝယ်ယူနိုင်ပါသည်။
- တင်ဒါအာမခံ (**Tender Bond**)ကြိုတင်ငွေပေးချေမှုအာမခံ (**Advance Payment Guarantee**) ဆောင်ရွက်ပြီးမြောက်မှုအာမခံ (**Performance Guarantee**) စသည့် အခြားဘဏ်အာမခံများ ရယူနိုင်ပါသည်။
- အချိန်ကျလျှင် အလိုအလျောက် ဆောင်ရွက်ပေးရန် (**Standing Instruction**) များဘဏ်သို့ ပေးနိုင်ပါသည်။

- မိမိအပ်နှံထားသော ငွေပမာဏကို အကန့်အသတ်မရှိ စိတ်တိုင်းကျ ပြန်လည်ထုတ်ယူနိုင်ပါသည်။

စိတ်ချရတဲ့ မြဝတီဘဏ်
လုံခြုံ လျှို့ဝှက် ၊ ဆောင်ရွက် မြန်မှန် ၊ မြဝတီဘဏ်
အတိုးများစွာ ရရှိရာ ၊ မြဝတီဘဏ်မှာ ငွေစုပါ။

မြဝတီဘဏ် (ရုံးချုပ်)	-	၂၄ / ၂၆ ဆူးလေဘုရားလမ်း ၊ ရန်ကုန်မြို့ ။
Tel	:	၂၅၆၀၅၇ ၊ ၂၅၆၀၅၄ ၊ ၂၅၆၀၆၂
Fax	:	၂၄၃၄၃၂ ၊ ၂၅၀၀၉၃ ၊ ၃၇၁၆၇၅ ၊ ၃၇၁၆၇၆ ၊ ၃၇၁၆၇၇
Email	:	mwdbankygn@mptmail.net.mm

မြဝတီဘဏ်ခွဲများ - မန္တလေး ၊ မုံရွာ ၊ တောင်ကြီး ၊ ဖားကန့် ၊ ပုသိမ် ၊ဘုရင့်နောင်

ခရုသင်း(၆)မျိုးအထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်း(၆)မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်(၇)မျိုးတို့ကို အာမခံနှင့်ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှနန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
သမားတော်ကြီး ဦးကျော်ဟိုး
အမှတ်(၃၇/၂)၊ ဇင်ယော်လမ်း၊ (၁၄)ရပ်ကွက်၊
မြင်သာအိမ်ရာ-၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ရွှေဘိုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းသားဟောင်းများသို့ဖိတ်ကြားလွှာ

၁၉၅၇ မှ ၁၉၈၁ ခုနှစ်ထိ ရွှေဘိုစိုက်ပျိုးမွေးမြူရေး အလယ်တန်း/အထက်တန်းများတွင် ပညာသင်ကြားပေးခဲ့ကြသော(အငြိမ်းစားယူပြီး)ဆရာ/ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံ မိတ်ဆုံစားပွဲအခမ်းအနားကို ၇-၄-၂၀၀၄နေ့တွင် ကျင်းပပါမည်။ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ၃-၃-၂၀၀၄နေ့ နံနက်(၁၀:၀၀)နာရီတွင် ရွှေဘိုခရိုင် ဝါစိုက်ပျိုးရေးစည်းဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ(မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အောက်ပါကျောင်းသားဟောင်းများထံတွင် ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ဒေါက်တာမြင့်သောင်း၊ ရေဇင်း(၀၆၇-၂၁၀၉၈)
၂။ ဦးအောင်မောင်း၊ ရွှေဘို(၀၇၅-၂၁၀၇၀)
၃။ ဦးမောင်ဝေ၊ ရန်ကုန်(၀၁-၂၂၁၅၃၅)
၄။ ဦးခင်မောင်စန်း၊ မန္တလေး(၀၂-၆၁၁၇၀)
၅။ ဦးကျော်တင့်၊ စစ်ကိုင်း(၀၇၂-၂၁၆၂၂)
၆။ ဦးကောင်းငွေ၊ ကန့်ဘလူမြို့၊ စိုက်ပျိုးရေးရုံး။
၇။ ဦးသောင်းဗိုလ်၊ ရေဦးမြို့၊ စိုက်ပျိုးရေးရုံး။
၈။ ဦးသိန်းအောင်၊ ဝက်လက်မြို့(၁၂၁)
၉။ ဦးကျော်မင်းအောင်၊ မုံရွာမြို့(၀၇၁-၂၂၃၁၇)
၁၀။ ဦးစိန်လင်း၊ သထုံမြို့(၀၅၇-၄၀၂၅၇)
၁၁။ ဦးခင်ညို၊ ရွှေဘိုမြို့(၀၇၅-၂၁၂၇၆)

ဗန်းမော်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ဗန်းမော်အသင်း(ရန်ကုန်)၏ ၂၀၀၂-၂၀၀၃ခုနှစ် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲအပါအဝင် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ လွယ်ဂျယ်၊ ဗန်းမော်မြို့နယ်တို့မှ ရန်ကုန်မြို့တွင်နေထိုင်ကြသည့် အသင်းဝင်များအား တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာများသီးခြားမပေးပို့ပါ)

၁။**အစည်းအဝေးကျင်းပမည့်နေ့နှင့်အချိန်**- ၁၄-၂-၂၀၀၄ (စနေနေ့) နံနက်(၉)နာရီမှ (၁၁)နာရီ
၂။**အစည်းအဝေးကျင်းပမည့်နေရာ**- ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ မြန်မာ့သစ်လုပ်ငန်းခမ္မာရုံ
၃။**ညစာခံကျွေးမွေးရေးအစီအစဉ်** - ဗန်းမော်-မလိခူးမျှစ်ချဉ်ဆန်ခေါက်ဆွဲဖြင့် ကျွေးမွေးဧည့်ခံပါမည်။

OD Tour အဆင့်မြင့် ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

(၁) Feb 12(Flight), Feb 28(Boat)/Coach
(၂) Feb 12,28,Mar 2(၃) Feb 12,,28 Mar 2
(၃) Feb 12,28,29
(၄) Feb 12
(၅) Feb 11,12,28 Mar 2

OD Style

No.52

GUARDIAN MONTHLY MAGAZINE

Guardian Magazine ... Grammar ... C.T.O

Tel-703334

SUPER
CAR RENTAL
249301, 0980 21801

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၈၁၉၃၃ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၁)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း၊ ကညန ခရိုင်ရုံး (ပြည်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ပြည်)။

နာရီဆိုရင်.... ချယ်ရီဦး မှ Valentine Day အတွက် အထူးအစီအစဉ်

Valentine Day ဆိုတဲ့ကြည်နူးဖွယ်ရာချစ်သူများနေ့မှာ မိမိချစ်သူအတွက် အမှတ်တရလေးတစ်ခုပေးမယ်ဆိုရင်တော့ဒွိဟိုနိုင်းနဲ့ နာရီဆိုရင် ချယ်ရီဦးမှာရှိတဲ့ နာရီလေးတွေက အကောင်းဆုံးဖြစ်မှာပေါ့.....
ပိုပြီးအမှတ်တရဖြစ်စေဖို့ နာရီရဲ့ကျောဘက်မှာ နာမည်လေးတွေထိုးပေးဖို့နဲ့ ကိုယ့်ချစ်သူရဲ့အိမ်တိုင်ယာရောက်ပို့ပေးတဲ့ Delivery System ကိုလည်း ချယ်ရီဦးကနေပြီး ဝန်ဆောင်မှုလုပ်ပေးထားပါတယ်နော်....
With Loves on Valentine Day..... နာရီဆိုရင်.... ချယ်ရီဦး

VISION CITY eye care centre

၂၅%

Ph: 246422

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း အသက်(၇၀)

(သုံးခွ)

ဗိုလ်မှူးကြီးအောင်ငွေ(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်လှလှကျင်တို့၏ မိခင် ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်းသည် ၁၃-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ဗိုလ်မှူးရန်နိုင်စိုး-ဒေါ်သီတာမြညိမ်း။

ဦးကျင်တင်(ခ)အင်ကင်တင်
အသက်(၈၃)နှစ်

ဥက္ကဋ္ဌ အနံ့ကုန်းဘုရားကျောင်း ဂေါပကအဖွဲ့၊ တိုက်ကြီးမြို့
ဥက္ကဋ္ဌ ကျန်းတိတ် သာရေးနာရေးအသင်း၊ တိုက်ကြီးမြို့
(တိုက်ကြီး)

တိုက်ကြီးမြို့၊မြို့လယ်လမ်း၊ အမှတ်(၄၀)နေ [ဦးစွိရာ-ဒေါ်ဂေါ်ဘောက်(ခ) ဂေါ်ဘောက်ကွမ်း]တို့၏ သား၊ ဒေါ်ရှုခင်၏ ခင်ပွန်း၊ ဦးအောင်ခင်-ဒေါ်လေဝါး တို့၏ အစ်ကို၊ ဦးအောင်စိုး-ဒေါ်လှလှမော်၊ ဦးမြင့်စိုး-ဒေါ်ရှုတင်၊ ဦးကျော်ဝင်း-ဒေါ်မာမာမြင့်၊ ဦးသန့်ဇော်-ဒေါ်စန်းမြင့်၊ ဦးထင်ကျော်-ဒေါ်စန်းဝင်း၊ ကိုသန်းစိုး၊ ကိုစိုးဝင်း-မသင်းသင်းရီတို့၏ ဖခင်၊ မြေး ၁၈ယောက်တို့၏ အဘိုးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးပေါက်
အသက်(၈၃)နှစ်

(အလုံတပို)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ(၁)လမ်း၊ အမှတ်(၂၂၈)နေ (ဒေါ်လှခင်)၏ခင်ပွန်း၊ ဦးတင်မြိုင်-ဒေါ်ကြည်စန်း၊ ဦးဝင်းမြင့်-ဒေါ်ခင်မာတင်၊ ဦးမြင့်သိန်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ကမာရွတ်)-ဒေါ်မြင့်မြင့်စိန်၊ဒေါ်အေးပို၊ ဦးသန်းနိုင်အေး-ဒေါ်ရီရီသင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည်၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) ည၇:၃၀နာရီတွင် ယင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက်၁၁:၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းဦး
အသက်(၇၃)နှစ်

ထောက်ကြန့်မြို့၊ တိုးချဲ့(၂)ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ်(၂/၂/၂၁၄)နေ (ဦးစစ်ထွေး-ဒေါ်ရွှေတင်)တို့၏ သား၊ (ဦးလှမောင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ (ဒေါ်ခင်အုန်းမြင့်)၏ ခင်ပွန်း၊ ဦးရွှေဦး-ဒေါ်ခင်စောမြိုင်၊ ဦးတင်မြင့်၊ ဦးမြကြည်-ဒေါ်စန်းအောင်၊ ဦးဇင်ဦး-ဒေါ်ရွှေအေး၊ ဦးနီထွေး-ဒေါ်မေမေမြတို့၏အစ်ကိုကြီး၊ဦးခင်သောင်း-ဒေါ်သန်းသန်းဦး(အထက-၂၊ မှော်ဘီ)၊ ဦးကိုကိုနိုင်-ဒေါ်ပီယာနိုင်၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်ထွေးဦး၊ ဦးကိုကိုဦး-မမြင့်မြင့်မော်၊ ဦးစိုးမိုးဦး၊ ဦးနေမိုးဦး-မကြည်ကြည်ဟန်တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၉-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၅:၃၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအောင်မျိုးနိုင်
အသက်(၃၈)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကြည်မောင်)-ဒေါ်သန်းရီတို့၏ သား၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး၊ မင်းကုန်းကျေးရွာနေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဦးကိုကိုနိုင်-ဒေါ်အေးအေး၊ ဦးထိပ်တင်ရှိန်-ဒေါ်ငြိမ်းငြိမ်း၊ (ဦးတင်မောင်နိုင်)တို့၏ညီ/မောင်၊ မတိုးတိုးနိုင်၊ မစုစုထွေးတို့၏အစ်ကို၊ မမေစနီး၊ မောင်နိုင်ဂျူနီယာ၊ မထိပ်တင်သီရိငြိမ်းတို့၏ဦးလေး၊ မောင်အောင်သူရမျိုး၏ဖခင်သည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၉:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) နံနက်၉နာရီတွင် ရေဝေး ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေး သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစောလွင် (၇၂)နှစ်

B.Sc(Engg) Civil;
M.S.C.E(Mich:)
ဒုတိယအင်ဂျင်နီယာချုပ် (ရေအားလျှပ်စစ်) (ငြိမ်း)
အကြံပေးအရာရှိ (ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(စစ်တွေ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၆၃/A)နေ (ဦးဖျော့-ဒေါ်အေးရှင်)တို့၏ သား၊ ဦးလှရွှေ-ဒေါ်စန်းစန်းလွင်(ရှယ်လီ)တို့၏ အစ်ကို၊ မောင်နေလင်းအောင်၏ ဘကြီးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၆:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၂-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ကျောင်း၊ရဟန်းအမကြီး

ဒေါ်ညိုတင် အသက်(၇၀)

ဆိစက်ပိုင်
(တောင်သာ)

တောင်သာမြို့၊ (၆)ရပ်ကွက်နေ (ဦးကျော်စိန်-ဒေါ်ဖွားအေး)တို့၏ သမီး၊ (ဦးဖိုးမြစ်-ဒေါ်စက်ရီ)တို့၏ သမီးချွေးမ၊ ဦးဟိန်း-ဒေါ်ညိုခင်၊ (ဦးသိန်းအောင်)-ဒေါ်လှလှ၊ (ဦးထွန်းအောင်ကျော်)-ဒေါ်သန်းတင်၊ ဦးသန်းမြင့်-ဒေါ်တင်စန်း၊ ဒေါ်ငွေ၊ ဦးကျော်မြင့်ဝေ-ဒေါ်ကျင်၊ ရန်ကုန်မြို့နေ(ဦးစောအောင်ဖြူ)- ဒေါ်လှလှမော်တို့၏အစ်မကြီး၊ဦးရာစိုး-ဒေါ်ခင်မြဝင်း၊ ကိုမြသိန်းထွန်းတို့၏ မိခင်၊ (ဦးသန်းဝင်း)၏ ဇနီး၊ မသက်သက်မော်၏ မိခင်သည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၆:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ရက် ညနေ ၃နာရီတွင်တောင်သာမြို့ မြောက်သုသာန်သို့ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသိန်းတိုး(ခ)ဦးသန်းစိန်
အသက် (၆၂)နှစ်

အငြိမ်းစားဌာနမှူး၊ MEPE ရုံးချုပ်

မ/ဥက္ကလာပမြို့နယ်၊ ဆ/ရပ်ကွက် ကရဝိက် (၃)လမ်း၊ အမှတ် (၅၉၄)နေ (ဦးဖေတင်-ဒေါ်ကြည်ဝင်း)တို့၏ သား၊ ဦးစန်းမောင် (အငြိမ်းစား၊ MEPE ရန်ကုန်တိုင်း) ဒေါ်တင်အေးတို့၏မောင်၊ ဦးထွန်းမြင့် - (ဒေါ်စမ်းစမ်းသိမ်း)တို့၏ ညီ၊ ဦးမင်းအောင်-ဒေါ်ခင်နု၊ ဦးစိုးမြင့်-ဒေါ်ခင်မေမြင့်၊ ဦးဉာဏ်ဝင်း(ပသအ)-ဒေါ်တင်ရီ (အမက-၁၀၊ မ/ဥက္ကလာပ) တို့၏ အစ်ကို၊ ဦးအောင်နိုင် (MEPE ရန်ကုန်တိုင်း)၏ ဦးလေး၊တူ၊ တူမ ၁၃ ယောက်တို့၏ဦးလေးသည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) ည၁၀နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄(အင်္ဂါနေ့) ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တကကရွှေခိုင်လင်း (၃၈)နှစ်

AGTI
(မြောက်ဦး)

ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နေ ဦးမောင်တင်ကြီး-ဒေါ်မအေးဖြူတို့၏သားလတ်၊ ဦးအောင်ထွန်းလှ(ကုန်သွယ်/လယ်ယာ)၊ ဒေါ်မမေတို့၏ သားသမက်၊ ဒေါ်မနှင်းမေ၏ ခင်ပွန်း၊ မမြတ်ချိုခိုင်လင်း (အထက-၁၊ မြောက်ဦး)၊ မသိမ့်ခိုင်ဖြိုး တို့၏ဖခင်၊ ဒေါ်မစောလှ၊ ဦးကျော်ရှိန် (မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘူးသီးတောင်)-ဒေါ်မြင့်မြင့်သိန်းတို့၏တူ၊ ဦးတင်ဦး(ဆောက်လုပ်ရေး)-ဒေါ်ရွှေခိုင်ဝေ၊ဦးဦးစောသာ (ပြည်တွင်းအခွန်) - ဒေါ်ရွှေခိုင်သန်း (ပြည်တွင်းအခွန်၊ ကျောက်တော်)၊ ဦးကျော်ကြီး (စွမ်းအင်ဝန်ကြီးဌာန၊ပေါင်းလောင်း) - ဒေါ်ရွှေခိုင်အေး (ကျန်းမာရေးဌာန)၊ ဦးသာထွန်းခိုင်(ပညာရေး၊ စစ်တွေ) - ဒေါ်ရွှေခိုင်စု (အထက-၁၊စစ်တွေ)၊ ဒေါ်ရွှေခိုင်မြ (မြန်မာမေဖလားဝါးဘဏ်)၊ ဦးရွှေခိုင်ထွန်း(ကျောက်ဖြူတရားရုံး)-ဒေါ်လှလှကြည်၊ ဦးညီလှိုင်(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်)-ဒေါ်ရွှေခိုင်ညွန့်(အလက-၁၊ အင်းစိန်) တို့၏ညီ/မောင်၊ဒေါ်ရွှေခိုင်ပြုံး(ဘိုကလေးပညာရေးကောလိပ်)၊ ဦးရွှေခိုင်ကျော်၊ ဦးရွှေခိုင်ငြိမ်း - ဒေါ်မေမြတ်ဦးတို့၏ အစ်ကို၊ တူ/တူမ ၁၂ယောက်တို့၏ ဦးလေးသည် ၄-၂-၂၀၀၄ရက် ညနေ၄နာရီတွင် စစ်တွေမြို့၌ ကွယ်လွန်ပါ၍ စစ်တွေမြို့၊ အာဂိုတ်တော်ကုန်း၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးဘရီ(ခ)အပ္ပဒူကရင်မ်
အသက်(၈၁)နှစ်

သတင်းစာကိုယ်စားလှယ်(၁၇၀၅)
(ရွှေကျင်၊ ကျွဲတဲရပ်)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ်(၅/၇)နေ ဒေါ်ရှုရှီ၏ ခင်ပွန်း၊ ကိုသက်ရှည်၊ ကိုစိန်မောင်၊ မကြည်ကြည်၊ မရီရီ၊ မသီသီ၊ မခင်ခင်ထွေး(ခ)ထွေးထွေးတို့၏ ဖခင်သည် ၃-၂-၂၀၀၄ရက် နံနက် ၂:၃၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ၄နာရီတွင် ရေဝေး စွန်နီကဘာရစ်တန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဗိုလ်ကြီးနော်ဇာဂို(ငြိမ်း)
Capt Nok Za Go

B.C-5378

အသက်(၇၈)နှစ်
(Jack)

ရန်ကုန်မြို့၊ အမှတ်(၁၃၈)၊ (၄၈)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးခမ်ခွါလ်-ဒေါ်အွပ်ဟောင်)တို့၏ သားကြီး၊ (ဦးမောင်ရင်-ဒေါ်သိန်းဘွင့်)တို့၏ သားသမက်၊ ဒေါ်ညိုညိုစိန်(Pansy)၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်ကြီးဟယ်ရီဆွပ်ဒိုလျှံ)-ဒေါ်ခင်မာနွယ်၊ ဒေါ်ကျင်ဇာခင်ကြည်-(ဗိုလ်မှူးခွါလ်ဇာမုန်)၊ ဒေါ်ကျန်ခိုဇမ်း- (ဦးခမ်ပေါင်)၊ (ဒေါ်ရီရီမေ-ဒုအရာခံဗိုလ်စံမြင့်)၊ ဒေါက်တာညိုညိုသိန်း-ဒေါက်တာစိုးထွန်း(ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေး) တို့၏ အစ်ကိုကြီး၊ (ဗိုလ်မီလာခွါလ်ခန်းမန်)၊ ဦးဂင်ဇာပေါင်-ဒေါ်စိမ်းစိမ်းမာ (ပို့ဆက်ဦးစီး)၊ ဦးမျိုးအောင်-ဒေါ်ဥမ္မာဖေ၊ ဒေါ်ပင်နီဟောင်ခန်မန် (ထ-၄၊ ပုဇွန်တောင်)-ဦးတင့်လွင်(ထ-ခွဲ-မငေး ထိန်ကုန်း၊ တွံတေး)၊ ဗိုလ်မှူးဖေယျ(ငြိမ်း) (ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်စုစုမြတ်၊ ဦးလှိုင်ဝင်း (Sun Far Shipping)-ဒေါ်နီလာဝင်း တို့၏ ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၉-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၂:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အမှတ်(၁၁၅)၊ အနော်ရထာလမ်း၊ လသာမြို့နယ်၊ ဦးနော်မြန်မာနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းအမ

ဒေါ်သန်းကြည်
အသက်(၇၈)နှစ်

သုံးခွမြို့နယ်(အိသယျကျေးရွာ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဇီဇဝါလမ်း၊ အမှတ်(၁၀-စီ)နေ (ဦးမြသိန်း)၏ ဇနီး၊ (ဒေါ်သန်းနု)၊ ဦးဖိုးသောင်း-ဒေါ်တင်ဝင်းတို့၏ အစ်မ၊ ဦးကြာဥ-ဒေါ်မိုးစိန်၊ (ဦးရွှေ)-ဒေါ်စန်းရီ၊ (ဦးထွန်းရီ)-ဒေါ်အေးသန်း၊ ဦးစိန်အေး-ဒေါ်တင်မြင့်၊ ဦးကြည်ဝင်း-ဒေါ်လုံး၊ ဦးသိန်းမောင်-ဒေါ်တင်ရီ၊ (ဦးမြရွှေ)-ဒေါ်ထွေးရီတို့၏မိခင်၊ မြေး ၃၀ ယောက်၊ မြစ် ၃၅ယောက်တို့၏ အဘွားသည် ၉-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဖွားသန်း
အသက်(၆၈)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ [ဦးထွန်းတင်-ဒေါ်ငွေသုံ(ခ) ဒေါ်လစ်]တို့၏ သမီး၊ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ အမှတ်(၁၄/က)နေ ဦးချစ်ခင်၏ ဇနီး၊ ဦးလှဦး-ဒေါ်ဝင်းဝင်းအုန်း၊ ဦးမြင့်ထွန်း-ဒေါ်အေးအေးစိုး၊ ဦးသိန်းအောင်-ဒေါ်ခင်မြင့်ဦး၊ ဦးကျော်မြင့်-ဒေါ်ခင်စန်းဦး၊ ဦးကျော်ဝင်းနိုင် (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ မိခင်၊ ကိုမျိုးဇော်ဦး-မစုစုထွေး (မြန်မာ့လေကြောင်း)၊ မပန်းဆုပြည့်ကျော် (အထက-၁၊ သဃ်န်းကျွန်း)၊ မပန်းအိထွန်း၊ မောင်မင်းအင်အားတို့၏ အဘွားသည် ၉-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယကာကြီး

ဦးစိုးမြင့် (၈၆)နှစ်

(ဖျာပုံ)

ဖျာပုံမြို့နေ (ဦးထွန်း-ဒေါ်ပန်းအိ)တို့၏သားကြီး၊ (ဦးမောင်ကြီး-ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၁၇)၊တက္ကသိုလ်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းလွင်)-ဒေါ်သီတာမြင့်၊ပါမောက္ခဒုတိယဗိုလ်မှူးကြီးဉာဏ်ထိန်လင်း(အမှတ်- ၂၊ တပ်မတော်ဆေးရုံ)-ဒေါက်တာစန္ဒာမြင့်၊ ကပ္ပတိန်မော်ဦးမြင့် (Lizstar Company) -ဒေါ်မိုမိုအောင်၊ ဦးကျော်ဦးမြင့်၊ ဦးမြင့်သိန်းထွန်း၊ ဒေါ်မာလာမြင့်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ဇင်နွယ်လင်း (M.Sc, Oxford)၊ သဉ္ဇာသိန်းလွင် (Final Part II, IM-1)၊ ဝေမာလင်း (3rd M.B, IM-I)၊ မေသူမြင့် (Final yr. English)၊ မြင့်သူထွန်း (2nd MB, IM-1)၊ မိုးဆက်မြင့်၊ စိုပြေထွန်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၈:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
နာယကအဖွဲ့ဝင်/ဥက္ကဋ္ဌဟောင်း

ဦးစိုးမြင့်(၈၆)နှစ်

ရန်ကုန်မြို့၊ (၁၁၇)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ နာယကအဖွဲ့ဝင် ဦးစိုးမြင့်သည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပြီး ၁၂-၂-၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ရာ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

(အသင်းတိုက်မှ ကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစံအုန်း (၈၃)နှစ်

ကျိုက်မရောမြို့

ကျိုက်မရောမြို့၊ ရှင်စောပု၊ (၂)ရပ်ကွက်နေ (ဦးကုလားလေး-ဒေါ်အုန်းတင်)တို့၏သားကြီး၊ ဒေါ်ဖြူ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သန်းနွယ်(မီးမီး)-ဦးစိုးမြင့်ထွန်း၊ ဒေါက်တာမြင့်ရွှေ-ဒေါ်ကျင်ရီ၊ ဦးဝင်းမြင့်စံ-ဒေါ်စောမြတ်မွန်(မိငယ်)၊ ဒေါ်အေးအေးမြင့်-ဦးလှကို၊ ဦးနေမျိုးအောင်-ဒေါ်မူမူမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၉-၂-၂၀၀၄(တနင်္လာနေ့) ညနေ ၅:၂၈နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ကျိုက်မရောသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါသည်။ [၁၅-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ရေစကြ်ချ ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန်။]

ကျန်ရစ်သူမိသားစု။

သရက်အသင်း (ရန်ကုန်)

ဦးဝင်းစိန်(၇၁)နှစ်

သရက်အသင်း (ရန်ကုန်)၏ ဒုဥက္ကဋ္ဌ (၂) ဦးလှဝင်း၊စာရင်းစစ်(၂) ဒေါ်မြမိုးနှင်းတို့၏အစ်ကိုကြီးသည် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်၍ အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်ကြပါရန်။ [အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် ၈၊ အမှတ် ၉၁နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

အမှုဆောင်အဖွဲ့။

ဒေါ်တင်တင် (၅၉)နှစ်

ကျောင်းအုပ်ဆရာမကြီး
အထက၊ ဆိပ်ကြီးခနောင်တို
(မြိတ်)

မြိတ်မြို့၊ ဈေးတန်းရပ်၊ ဈေးဟောင်းလမ်းနေ (ဦးငွေညွန့်-ဒေါ်စောရီ)တို့၏ သမီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၃၁)၊(ပထမထပ်)နေ ဦးခင်မောင်ညို(အထပြ၊ငြိမ်း)၏ ဇနီး၊ ဦးခင်ဝေ-ဒေါ်အေးအေးသီ၊ ဒေါ်အေးအေးသီ၊ ဦးအောင်ချစ်(R/O)-ဒေါ်လှလှဝေ၊ ဦးဝေကြူ-ဒေါ်အေးအေးမာ၊ ဦးငွေအောင်တို့၏ အစ်မကြီး၊ မောင်ညိုမင်းသက်(2nd Mate M.T.M Co., Ltd)၊ မညိုဝင်းလဲ့ (ကျိုက်ထိုဟိုတယ်)၊ မောင်ညိုမိုးသက်တို့၏ မိခင်ကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏ ကြီးကြီး ဒေါ်တင်တင်သည် ၇-၂-၂၀၀၄(စနေနေ့) ညနေ ၃:၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း(S.S.C)တွင် ကွယ်လွန်ပါ၍ ၁၁-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအုန်းလှိုင်(၉၃)နှစ်

(မော်လမြိုင်၊ လှည်းကူး)

ရန်ကုန်တိုင်း၊လှည်းကူးမြို့၊ ရွှေဘုံသာလမ်းနေ (ဒေါ်အေးခင်)၊ (ဦးဟိရာ-ဒေါ်ရှုကြူ)တို့၏ သား၊ (ဒေါ်သန်းမြ)၏ ခင်ပွန်း၊ ဒေါ်အုန်းရင်၏ အစ်ကို၊ (ဒေါက်တာဦးလှထွန်း)-ဒေါ်သိန်းငွေ (အထက-၁၊ လမ်းမတော်)၊ ဦးထွန်းရွှေ (RIT) -(ဒေါ်ရီရီလှ)တို့၏မွေးသဖခင်၊ ဦးအေးကျော်-ဒေါ်တင်အုန်း(အလက၊ မြို့မ)၊ ဦးအေးကြူ(ဈေးကြီးရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ) - ဒေါ်တင်တင်မြင့်၊ ဒေါ်လှလှရွှေ၊ ဦးသိန်းထွန်း-ဒေါ်အေးအေး၊ ဒေါ်ထားထားရီ၊ ဦးကျော်ငွေတို့၏ဘဘ၊ ဒေါက်တာအောင်ကျော်မိုး-မနီလာထွန်းနှင့် မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးသည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် လှည်းကူး သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးဖူးလင်(ခ)လျူဖူးလင်
အသက်(၈၂)နှစ်

(ရွှေစားသောက်ဆိုင်၊ ဓနိကုန်း)

ပဲခူးတိုင်း၊ ဓနိကုန်းမြို့၊ ရုံးလမ်းနေ ဒေါ်ကျင်မြ၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ခင်သန်းဦး၊ ဦးကံညွန့်-ဒေါ်ခင်မြင့်၊ ဦးသန်းရွှေ-ဒေါ်မြမြဝင်း၊ ဦးအောင်မောင်း-ဒေါ်ချိုချိုဆွေ၊ ဦးသန်းလွင်၊ ဦးမြသန်း-လင်စုမေ၊ ဦးထင်ကျော်ထွန်း-ဒေါ်ကေသီထွေးတို့၏ဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁:၁၅နာရီတွင် တိုက်(၇၉၇)၊ အခန်း(ဘီ-၃၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်တွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၀၄ရက်တွင် နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

(နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်အေးအေးသွင်
အသက်(၅၃)နှစ်

မန္တလေးမြို့၊ အကွက်(၄၄)၊ ဒေါနပွားရပ်ကွက်၊ နန်းတော်ရှေ့၊ အောင်မြေသာဇံမြို့နယ်၊ ရန်ကုန်မြို့၊ အမှတ်(၄၃)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်ကြိုင် - ဒေါ်ကျင်စိန်)တို့၏ သမီးငယ်၊ (ဦးတုန်စိန်-ဒေါ်ဒေါ်ရှင်) တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း(ရွှေလရောင်ရေခဲစက်၊ ရွှေဥဩဂျုံစက်၊ မန္တလေး)၏ ချစ်လှစွာသောဇနီး၊ ဦးလင်း(ဥက္ကဋ္ဌ၊ ရသာချို စက်မှုလုပ်ငန်းလီမိတက်)-(ဒေါ်နုနုစိန်)တို့၏ ညီမ၊ ဒေါက်တာဇော်အောင် - ဒေါ်သူဇာထွန်းတို့၏ အစ်မ၊ မလဲ့ယုဝါ၏ ချစ်လှစွာသောမိခင်၊ ကိုဝေဖြိုးလင်း-မနွေဦးလွင်၊ မောင်သူဇော်၊ မောင်ခန့်ဇော်တို့၏ အဒေါ် ဒေါ်အေးအေးသွင်သည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်ကိုးမောင်(၃၄)နှစ်

ချိန်ခွင်မိတ်ဆက်ဆီဆိုင်
လှိုင်သာယာဈေး၊ လှိုင်မြို့နယ်

အမှတ်(၂၉)၊ (၄၃)လမ်းနေ ဦးအေးဝမ်း(ခ)ဦးမြတ်စိုး-ဒေါ်ရှုခင်(ချိန်ခွင်မိတ်ဆက်ဆီရောင်းဝယ်ရေး၊ညောင်ပင်လေးဈေးနှင့် ဘုရင့်နောင်ပွဲရုံ)တို့၏သားထွေး၊ ဦးအောင်ထူး-ဒေါ်ဆွေဆွေဝင်း၊ ဦးမောင်အေး-ဒေါ်ပြုံးပြုံးဝင်း၊ (ဦးလှဝင်းမောင်)-ဒေါ်သန်းသန်း၊ ဦးငွေမြင့်အောင်-ဒေါ်ဘေဘီ၊ ဦးကြီးမြင့်-ဒေါ်အေးအေးဝင်း၊ ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမြတ်တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းရီ၊ ဒေါ်စန်းစန်းနုတို့၏ မောင်၊ မခင်စိုးလေး၏ အစ်ကို၊ ဦးဟန်မြ-ဒေါ်ထွားရီ(မကြီးဇင်)တို့၏သားသမက်၊ တိုက်(၁၅)၊ အမှတ်(၃၀၆)၊ အေးရိပ်မွန်(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်နေ မခင်မာညို၏ ခင်ပွန်း၊ မမိုးချမ်းမြေ့ မောင်(မာလာမြိုင်မူကြို)၊ မောင်ဇေယျာအောင်တို့၏ ဖခင်သည် ၈-၂-၂၀၀၄ရက် နံနက်၆နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အအေးတိုက်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နိုင်ငံတော်သြဝါဒါစရိယ

ဘဒ္ဒန္တရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)
သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်

(ထားဝယ်)

ယခင်သာသနာ့ဝိပုလာရာမ မန္တလေးအနောက်တိုက်၏ ဂန္ထဝါစက၊ ယခုတနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ ရွှေဘုန်းပွင့်ကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)သည်၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်၊ ၇-၂-၂၀၀၄(စနေနေ့) ညနေ၄:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော်၁၂ရက်)၊ ၁၇-၂-၂၀၀၄(အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးဂျော်စိုင်(ခ)ဦးထင်ကျော်
အသက်(၇၇)နှစ်

(မြိတ်မြို့၊ သဲအင်းယောဂီ)

မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးစင်တက်-ဒေါ်ကျော့ဆင်)တို့၏ သား၊ (ဦးစောလှ-ဒေါ်ကျင်စွမ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ်(၂၅၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေအပိုင်းလေးနေ [ဒေါ်သန်းအေး(ခ)ဒေါ်တီ]၏ ခင်ပွန်း၊ ဦးသန့်စင်(ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန)-ဒေါ်ကြည်စမ်းနွယ်၊ ဦးတင်အောင်ကြီး-ဒေါ်အေးအေးမြင့်(လ-၄၊ရန်ကင်း)၊ ဗိုလ်မှူးမောင်မောင်အေး (တပ်မတော်ချည်/ထည်၊ မိတ္ထီလာ)-ဒေါ်မြတ်မြတ်ဦး၊ ဦးထင်အောင်ကျော် (တိုက်ဂါးကရာတေး)-ဒေါ်အေးအေးမူ၊ ဒေါ်ဇင်နီ၊ ဦးထင်ဝင်းနိုင်-ဒေါ်အိအိခိုင်၊ ဦးထင်ကျော်ဖြိုး-ဒေါ်မင်းမင်းထက်(Radiant Tour)တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေး၁၃ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၉-၂-၂၀၀၄ရက် နံနက်၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်နှင့်မြိတ်အသင်းမှကားများ မွန်းလွဲ၁:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ ရဟန်းဒါယကာ

ဦးသောင်း (၈၅)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်၊ ဂရမ်းဝရွာနေ (ဦးဘဖေ-ဒေါ်စောရင်)တို့၏ သား၊ ဦးထွန်းတင်၏တူ၊ ဒေါ်မမကြီး၏ မောင်၊ ဦးမောင်မောင်ကြည်၊ ဒေါ်မာမာရီ၊ ဦးမောင်မောင်-ဒေါ်တင်လှ၊ (ဗိုလ်မှူးကျော်မြင့်)-ဒေါ်ကြူကြူမြင့်၊ ဦးအောင်ထွန်း(မြန်မာ့သစ်လုပ်ငန်း)တို့၏ အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊တပင်ရွှေထီးလမ်း၊ အမှတ်(၂၁)နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးမြင့်စိုး-ဒေါ်လှတင့်တို့၏ဖခင်၊မြေးခြောက်ယောက်တို့၏ ဘိုးဘိုးသည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ၅:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရက်လည်ဆွမ်းကျွေးတရားနာ

ဒေါ်ကျင်စိန် (၈၄)နှစ်

(မော်လမြိုင်)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၀၄(ကြာသပတေးနေ့)နံနက်၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော် နာယူမည်ဖြစ်ပါ၍ (၆၃၁)၊ ဓမ္မရတနာလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဦးစုရှိန်၏ နေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျောက်ဖြူအသင်း(ရန်ကုန်)

ဒေါ်မသန်း (၇၄)နှစ်

(ဦးသာခင်)၏ဇနီး၊အသင်းဝင်(၈၀၅) ဒေါ်ခင်သန်းအေး၏ မိခင်သည် ၈-၂-၂၀၀၄ရက်က ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၀၄(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

[တောင်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ ကေတုမာလာ(၁)လမ်း (အနောက်) နေအိမ်မှအသင်းကား ညနေ၃နာရီတွင် ထွက်ပါမည်။ လိုက်ပါပို့ဆောင်ကြပါရန်)။

အမှုဆောင်အဖွဲ့။

အရာခံဗိုလ်ချစ်လှ (ငြိမ်း)
အသက် (၆၆)နှစ်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၆၄)၊နန္ဒသူရိန်လမ်း၊(၁၄/၅)ရပ်ကွက်နေ ဒေါ်အုံးစီ၏ခင်ပွန်း၊ မခင်မမဦး၊ မောင်လှခိုင်၊ ကိုလှသိန်း-မသင်းသင်းစိုး၊ ကိုမောင်မောင်စိုး-မငယ်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၉-၂-၂၀၀၄ရက် (တနင်္လာနေ့) ည ၇:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစံအုန်း (၈၃)နှစ်

ကျိုက်မရောမြို့

ရာသက်ပန်အသင်းဝင်ဦးနေမျိုးအောင်၏ဖခင်ဦးစံအုန်းသည် ၉-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ကျိုက်မရောသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဦးဂျော်စိုင်(ခ)ဦးထင်ကျော်
အသက်(၇၇)နှစ်

(မြိတ်မြို့၊ သဲအင်းယောဂီ)

မြိတ်မြို့၊မြစ်ငယ်ရပ်နေ(ဦးစင်တက်-ဒေါ်ကျော့ဆင်)တို့၏သား၊ (ဦးစောလှ-ဒေါ်ကျင်စွမ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ်(၂၅၀)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေအပိုင်းလေးနေ [ဒေါ်သန်းအေး(ခ)ဒေါ်တီ]၏ ခင်ပွန်း၊ ဦးချင်တိတ်-ဒေါ်သန်းစိန်၏မောင်၊ (ဦးဟိုစိုင်)၏ ညီ၊ ဦးရှိန်ကြည်-ဒေါ်ကျော့ကြည်၊ ဒေါ်ခင်ရီ၊ (ဦးအွီဟွပ်)-ဒေါ်သန်းညွာ၊ ဒေါ်တင်တင်စိန်တို့၏အစ်ကိုသည် ၉-၂-၂၀၀၄ရက် နံနက်၁၁:၄၀နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်နှင့်မြိတ်အသင်းမှကားများ မွန်းလွဲ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးလှဝင်း (ခ)
Kenneth Shephard
အသက်(၇၅)နှစ်

ကန်တော်ကြီးဟိုတယ်(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ အမှတ်(၉)၊ မြေညီ(B)၊ပုညဝမုနလမ်းနေ(ဦးတော်မီ-ဒေါ်အမာ)တို့၏ သား၊ ဒေါ်လှကျင်၏ ခင်ပွန်း၊ ဦးအုန်းသွင် (Schlumberger Co.,)-ဒေါ်သန်းသန်းဝင်း၊ကိုကြည်ဝင်း- မမြစိန်၊ ကိုအုန်းတင့်-ဒေါ်ဘေဘီဝင်း၊ ကိုမြင့်အုန်း(အာသာ)-မလှလှဝင်း၊ မမာမာဝင်း၊ ကိုဝင်းနိုင်[တပ်မတော်-ရေ(ငြိမ်း)]၊ မစန်းစန်းဝင်း(သဃ်န်းကျွန်းစည်ပင်)၊ ကိုမျိုးထွဋ်-မမာမာလွင်၊ မလဲ့လဲ့နိုင်(သတ္တဗေဒဌာန၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မအိအိမော်တို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၉-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက်၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ကရင်ပြည်နယ် ဘားအံမြို့၌ တည်ဆောက်ဖွင့်လှစ်လိုက်သည့် ဘားအံတက္ကသိုလ် ပင်မအဆောက်အအုံကို ဖေဖော်ဝါရီ ၉ရက်က တွေ့ရစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

ကော့ကရိတ်–လှိုင်းဘွဲ့–ဘားအံ လမ်းမကြီး မကြာမီ အဆင့်မြှင့် ပေါ်ထွန်းလာမည် နယ်မြေအေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင် တိုးတက်လာမည့်အခြေအနေကိုမျှော်မှန်းပြီး ဆောင်ရွက်ဖွယ်ရာများ ကြိုတင်စီမံထား

ရန်ကုန် ဖေဖော်ဝါရီ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပသည့် ကောင်းမှုတော်စေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပူဇော်ကြည်ညိုကြပြီးနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့သို့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသန်းထွန်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဓာတ်မှန်ခန်း၊ သွားနှင့် ခံတွင်း ပြင်ပလူနာခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှိုင်းဘွဲ့ဆေးရုံကို ခုတင် ၅၀ဆံ့ အဆင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံအတွင်း ဆေးရုံအဆင့်တိုးမြှင့်ပေးရေးအတွက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် မြန်မာလူငယ်အသင်းအား သောင်းသောင်းဖြဖြကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၉

ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BIMSTEC CUP-2004) လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့ ညနေ ၆နာရီ ၄၅မိနစ်တွင်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍

ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ကျင်းပခဲ့သည့် ၂၀၀၄ ခုနှစ် ပထမ အကြိမ် အသက် (၁၈)နှစ်အောက် ဘင်းမ်စတက် လူငယ်ဘောလုံး ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော အောင်ပွဲရ မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်းခေါင်း ဆောင် ဦးဝင်းအောင်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင် ရှင်နာဝပ်က ဆုချီးမြှင့်စဉ်။(သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

သတင်း၊ ဆောင်းပါးအညွှန်း

မြင့်စိုး–နတလ၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး ***"သွေးချင်းများအတွက် အမျိုးသားရေးတာဝန်"*** *ကို စာမျက်နှာ(၈)နှင့်(၉)တို့တွင် ဖော်ပြထားပြီး* ***"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"*** *ကို စာမျက်နှာ(၇)တွင် ဖော်ပြထားပါသည်။*

(ကြေးမုံ)